**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သောကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၁)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၉ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ )နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးခမ်းလူ | ၁၃/ပယန(နိုင်)၀၁၃၆၅၄ | မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၇ ကော်လံ ၁ ➲**

## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ် ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို **စာမျက်နှာ ၁၆ ကော်လံ ၃ ➜**



စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့်ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့်ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

### ယူနက်စကိုတင်သွင်းရန်အတွက် အထောက်အကူဖြစ်မည့် မြန်မာ့လက်ဖက်ပြပွဲ ကျင်းပမည်

စာ - ၃ သို့

### ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်

စာ - ၁၅ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်)

## ဂုဏ်သိက္ခာနှင့်တရားမျှတသောအမှန်တရား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိခဲ့သည်။ တာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်ပြီး ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများကိုင်ဆောင်ကာ နိုင်ငံတော်အလံများဝှေ့ယမ်းလျက် လှိုက်လှိုက်လှဲလှဲတစ်ခဲနက်ကြိုဆိုကြသည်။

ဂမ်ဘီယာနှင့်မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘက်မှရှေ့နေများ၊ ဒုတိယအကျော့လျှောက်လဲမှုကို ဇန်နဝါရီလ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင်ပြုလုပ်ခဲ့ပြီး ဂမ်ဘီယာနိုင်ငံဘက်မှမဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်များကို မြန်မာနိုင်ငံရှေ့နေများက အကိုးအကားအထောက်အထားအချက်အလက်များနှင့် တိကျခိုင်မာစွာတုံ့ပြန်ချေဖျက်ဖြေရှင်းနိုင်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နောက်ဆုံးကြားနာမှုတွင်ဥပဒေပိုင်းဆိုင်ရာသာမက အချက်အလက်ပိုင်းဆိုင်ရာတွင်ပါ ပြည့်ပြည့်စုံစုံခိုင်ခိုင်လုံလုံနှင့်လျှောက်လဲနိုင်ခဲ့သည်။

ထို့ကြောင့် မြန်မာပြည်သူတစ်ရပ်လုံးက မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ အားပေးရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံဘက်က ချေပမှုအားလုံးမှာ အရှိတရားပေါ်တွင်အခြေခံပြီး တိတိကျကျမှန်မှန်ကန်ကန်ပိုင်ပိုင်နိုင်နိုင်ဖြေရှင်းခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ မြန်မာပြည်သူများ၏အကျိုးစီးပွားအတွက် မှန်ကန်သောဆောင်ရွက်ချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် မတရားစွပ်စွဲခံရခြင်းဖြစ်ပြီး ဤအမှုမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အနှောင့်အယှက်တစ်ခုဖြစ်သည်။ ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်း၊ မဟုတ်မမှန်ကြောင်းကို နိုင်ငံတကာအလယ်မှာ ဖြေရှင်းပေးနိုင်ခြင်းမှာ နိုင်ငံနှင့်ပြည်သူအတွက်ဝမ်းသာဖွယ်ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံအနေဖြင့် ဖြစ်စဉ်အသေးစိတ်ကိုလေ့လာခြင်းမရှိဘဲ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့(FFM)၏အချက်အလက်များကိုကိုးကား၍ ရွာသုံးရွာကိုသာရည်ညွှန်းပြောဆိုခဲ့သည်။ ဂမ်ဘီယာနိုင်ငံက အုပ်စုတစ်စုကိုသတ်ဖြတ်သည်ဟုစွပ်စွဲသော်လည်း မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ခွာသွားသူများအား တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူစခန်းများတွင်နေထိုင်သူများအားတိုက်ခိုက်ခြင်းမပြုလုပ်ဘဲ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို သက်သေအထောက်အထားများဖြင့်ပြသနိုင်ခဲ့သည်။ အမှန်တကယ်တွင် တစ်ဖက်နိုင်ငံမှ ARSA အကြမ်းဖက်သမားများက ဒေသနေပြည်သူများနှင့် မူရင်းတိုင်းရင်းသားများကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ အထောက်အထားခိုင်လုံစွာပြောကြားလာသည့်အခါမှ ဂမ်ဘီယာနိုင်ငံဘက်က ဒုတိယအစီရင်ခံစာတွင် ARSA သည် အင်အားရှိသည့်တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟု ပြောကြားလာခဲ့သည်။ ဂမ်ဘီယာ၏ပထမအစီရင်ခံစာတွင် ARSA အကြမ်းဖက်အကြောင်း ဖော်ပြထားခြင်းမရှိခဲ့ပေ။ ယခုအမှုတွင် ဂမ်ဘီယာအတွက် ပံ့ပိုးနေသည့်အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်း ဝန်ခံလျှောက်လဲထားသည်။ ARSA အကြမ်းဖက်အဖွဲ့သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ပုဂ္ဂိုလ်များထံမှအထောက်အပံ့ရရှိထားပြီး အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်းများတက်ခဲ့သည်။

အဆိုပါအကြမ်းဖက်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံနယ်စပ်ရဲကင်းစခန်း သုံးခုကို ၂၀၁၆ ခုနှစ်တွင် တိုက်ခိုက်ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်းတိုက်ခိုက်နိုင်စွမ်းရှိသည်အထိ အင်အားစုဖွဲ့လာခဲ့သည်။ ARSA အင်အား ၁၇၀၀၀ ကျော်အပြင် ၎င်းတို့စည်းရုံးသိမ်းသွင်းထားသည့် တုတ်၊ ဓား၊ လက်နက်ကိုင်ဘင်္ဂါလီအကြမ်းဖက်များက အင်အားအသာစီးရယူ၍ ဒေသခံတိုင်းရင်းသားများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည်။ တပ်မတော်အနေဖြင့် အကြမ်းဖက်စစ်ဆင်ရေးမစတင်မီကပင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ပွဲအတွင်း လိုက်နာကျင့်သုံးရမည့်စည်းမျဉ်းများကို ညွှန်ကြားခဲ့ပြီး စည်းမျဉ်းအိတ်ဆောင်ကတ်ပြားများကို လုံခြုံရေးတပ်ဖွဲ့ဝင်တိုင်းအား ပေးအပ်ခဲ့သည်။ စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားများနှင့်အရပ်သားများအား ခွဲခြားဆောင်ရွက်ခဲ့သည်။

တပ်မတော်အနေဖြင့် စစ်ဆင်ရေးအတွင်း ARSA အကြမ်းဖက်သမားများ၏လိုက်လံသတ်ဖြတ်ခံနေရသည့်ရခိုင်၊ မြို၊ ဒိုင်းနက်လူမျိုးနှင့်ဟိန္ဒူများကို ကယ်တင်ပေးခဲ့သည့်အပြင် ARSA က သတင်းပေးဟု စွပ်စွဲသည့်ဘင်္ဂါလီများကိုကယ်တင်ပေးခဲ့ပြီး ရခိုင်နှင့်ဘင်္ဂါလီများအကြား ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးခဲ့သည်။ အဆိုပါအချက်များမှာ မြေပြင်ပကတိဖြစ်စဉ်အမှန်များဖြစ်ပေရာ ဂုဏ်သိက္ခာနှင့်တရားမျှတသောအမှန်တရားပေါ်ပေါက်လာမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## အရာတော်မြို့နယ်၌ ပဲတီစိမ်းသီးနှံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧက ၁၃ ဒသမ ၃၆ တင်းထွက်ရှိ

အရာတော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ မိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၁၃၆၄၁ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ရိတ်သိမ်းကြရာ ဖေဖော်ဝါရီလ ၂ ရက်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၃ ဒသမ ၃၆ တင်းထွက်ရှိကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

"အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၃၆၄၁ ဧကအထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေဆောင်ရွက်ပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်ကပြောသည်။

အရာတော်မြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ကြသည်။

ယခုနှစ် မိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများပေးအပ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၂။ | ၀၈:၀၀ | ၁၂ လရာသီမှတ်တမ်း | ၉။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံး သီချင်းများ |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၀။ | ၁၆:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၁။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၃)** |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | ၁၂။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၃။ | ည ၈ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| | | | ၁၄။ | | ဆောင်းပါးပေါ်မှစာစုများ |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ | ၁၅။ | | တရားတော် |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်မြို့၌ ပဉ္စမအကြိမ်မြောက် ဆေးပဋ္ဌာန်းအောင်ပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကျင်းပ



ပြည် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ပုညကာရဏာ လေးထပ်မဏ္ဍပ်ကြီး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အဆိုပါဆေးပဋ္ဌာန်းအောင်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းအား ပြည်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၇ ကျောင်းနှင့် သီလရှင်ကျောင်း ၁၁ ကျောင်းတို့မှ ရဟန်း၊ သာမဏေ၊ သီလရှင် ၃၁၈၉ ပါးအား ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား


# မအူပင်ခရိုင်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနများတွင် ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းများ စာတွေ့လက်တွေ့သင်ကြားပို့ချ

မအူပင် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များ (မအူပင်မြို့၊ ညောင်တုန်းမြို့၊ ပန်းတနော်မြို့၊ ဓနုဖြူမြို့)တို့တွင် မအူပင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ကို ဇန်နဝါရီလ ၂၆ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ရှာဖွေကယ်ဆယ်ရေးပညာရပ်များအား စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အဆိုပါမြို့နယ်များရှိ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးစီဖြင့် သင်တန်းဖွင့်လှစ်သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

နိုင်ထွန်း

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၂.၄°C |
| မိုင်းယန်း | ၄°C |
| ဟဲဟိုး | ၅.၃°C |
| လွိုင်လင် | ၆.၃°C |
| တီးတိန် | ၆.၅°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၆.၅°C |
| လားရှိုး | ၇.၂°C |
| ပူတာအို | ၈°C |
| ပင်လောင်း | ၈°C |
| သီပေါ | ၈.၅°C |
| ညောင်ရွှေ | ၉°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၀ | ၂၇ |
| ရှမ်း(မြောက်) | ၉ | ၂၉ |
| ရှမ်း(အရှေ့) | ၉ | ၃၀ |
| ရှမ်း(တောင်) | ၇ | ၂၇ |
| ချင်း | ၄ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၃ | ၂၈ |
| စစ်ကိုင်း(အောက်) | ၁၆ | ၃၃ |
| နေပြည်တော် | ၁၇ | ၃၂ |
| မန္တလေး | ၁၆ | ၃၂ |
| မကွေး | ၁၅ | ၃၃ |
| ရခိုင် | ၁၅ | ၃၁ |
| ပဲခူး | ၁၆ | ၃၄ |
| ရန်ကုန် | ၂၀ | ၃၅ |
| ဧရာဝတီ | ၁၉ | ၃၄ |
| ကယား | ၁၁ | ၂၈ |
| ကရင် | ၁၈ | ၃၆ |
| မွန် | ၂၀ | ၃၅ |
| တနင်္သာရီ | ၂၀ | ၃၅ |

# ယူနက်စကိုတင်သွင်းရန်အတွက် အထောက်အကူဖြစ်မည့် မြန်မာ့လက်ဖက်ပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာ့လက်ဖက်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ယူနက်စကိုသို့တင်သွင်းရန် အထောက်အကူအဖြစ် မြန်မာ့လက်ဖက်ပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ စိမ်းလန်းစိုပြေပန်းခြံ၌ ပြုလုပ်သည်။

"မြန်မာ့လက်ဖက်ကို ယူနက်စကိုတင်သွင်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ တောင်ပေါ်ဒေသကထွက်တဲ့ လက်ဖက်အစိုစားသုံးခြင်းယဉ်ကျေးမှုဓလေ့ကိုမြန်မာနိုင်ငံသားတွေသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ နှစ်သက်ဖွယ်ရာ အစားအစာတစ်ခုအဖြစ် သိမြင်လာစေဖို့အတွက် အခုလိုလက်ဖက်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ပေးဖို့ တင်သွင်းခြင်းဖြစ်ပါတယ်။ ဒီနှစ်မတ်လပိုင်းလောက်မှာ တင်သွင်းမှာဖြစ်ပါတယ်"ဟု မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ပြောကြားသည်။

ယူနက်စကိုသို့ တင်သွင်းနိုင်ရန် လိုအပ်သည့် အထောက်အထားများ၊ ထောက်ခံချက်များ စသည်တို့ကို စုဆောင်းလျက်ရှိပြီး အချို့မှာ ၈၀ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က ပူးပေါင်းပြီး မြန်မာ့လက်ဖက်ပွဲတော်ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ဖက်ပွဲတော်ကို ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ စိမ်းလန်းစိုပြေပန်းခြံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လက်ဖက်နှင့်ပတ်သက်သည့်အစားအစာများ၊ လက်ဖက်နှင့်ပတ်သက်သည့် စကားဝိုင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂




မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၏ (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်က ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ကောင်းစွာအောင်မြင်တတ်မြောက်ခဲ့ပြီဟု သက်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ဘွဲ့လက်မှတ်များအပ်နှင်းရန် ယခုကဲ့သို့ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘွဲ့ဒီဂရီအသီးသီး ဆွတ်ခူးရရှိမှုဖြင့် ဘဝပန်းတိုင်ပြီးဆုံးပြီဟု မမှတ်ယူကြဘဲ အင်ဂျင်နီယာနှင့်သိပ္ပံပညာရပ်ဆိုင်ရာ အခြေခံကောင်းများပေါ်မူတည်၍ လုပ်ငန်းခွင်၌ အသုံးချနိုင်အောင် ဆက်လက် ပညာဆည်းပူးလေ့လာကြရန် လိုအပ်ကြောင်း၊ ကျေးဇူးသစ္စာစောင့်သိပြီး လောကနီတိတရားများ၊ ကိုယ်ကျင့်တရားများအပေါ် လေးစားကျင့်ကြံနေထိုင်၍ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ဂုဏ်ဆောင် အင်ဂျင်နီယာပညာရှင်၊ သိပ္ပံပညာရှင်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက မဟာအင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ သိပ္ပံဘွဲ့ရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့လက်မှတ်များအပ်နှင်းခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'သက်သက်စေတနာကောင်းတာ၊ ကူညီတတ်တာတွေကို ဒို့သိပါတယ်။ ဒါပေမဲ့ အတိုင်းအတာနဲ့ပဲ ကူညီပါကွာ။ ကိုယ်ရေးကိုယ်တာကိစ္စတွေကိုတော့ ကြားမဝင်ပါနဲ့'

ကျော်ထွန်းညိုက သက်ပြင်းရှိုက်ကာပြောသည်။ မျက်တောင်လေး တဖျပ်ဖျပ်ခတ်နေသော သက်သက်၏မျက်နှာလေးသည် ငိုမဲ့မဲ့လေးဖြစ်သွားသည်။

'နောက်ပြီး ဒီလိုယောကျ်ားလေးဆောင်တွေ ဘာတွေကို ဘယ်တော့မှ တစ်ယောက်တည်းမလာနဲ့၊ ဘယ်လောက်တောင်အော်ကြဟစ်ကြ၊ နောက်ကြပြောင်ကြသလဲဆိုတာ သက်သက်က သိမှမသိဘဲ၊ သူတို့က တော့ ပျော်လို့ရွှင်လို့ နောက်ပြောင်အော်ဟစ်ကြတယ်။ ဒို့လည်း နောက်ခဲ့ဖူးတာပဲ၊ ဒါပေမဲ့ အဲ ဒါပေမဲ့ ဒီလိုအစအနောက်မခံစေချင်ဘူး'

မျက်ရည်များသည် အထဲသို့ချက်ချင်းပြန်ဝင်သွားကြသည်။ ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားပြီး ဒန်းစီးနေရသူလို ငြိမ့်ငြိမ့်အေးအေးလေး ဖြစ်သွားလေသည်။

နှုတ်ခမ်းလေးက ပြုံးရိပ်သန်းကာ မျက်လွှာလေးချလိုက်သော သက်သက်၏မျက်နှာလေးသည် ထူးထူးခြားခြားစွဲမက်ဖွယ်ကောင်းနေသည်။ သူ့ရင်ထဲမှ မေတ္တာစေတနာများနှင့် ဝါရွှေသောဆည်းဆာရောင်သည် သူ့မျက်နှာလေးပေါ်တွင် အကုန်စုပုံကျရောက်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်နေသလို ဝင်းထိန်တောက်ပနေလေသည်။

'သူ့ဟာသူလာတာ မင်းက ဘာလို့ဒေါသဖြစ်သွားရတာလဲ၊ ကျော်ထွန်းညို မင်းကိုယ်မင်းမလိမ်နဲ့၊ ဒီမိန်းကလေးကို မင်းသိပ်ပြီးတန်ဖိုးထားတာ မင်းကိုယ်မင်းသိပြီလား'

ကျော်ထွန်းညိုသည် သက်သက်ကို ငေးစိုက်ကြည့်နေမိစဉ် သူ့ရင်ထဲမှ နှလုံးသားက ကျယ်လောင်စွာအော်ဟစ်ပြောလိုက်သလို ထင်လိုက်မိသည်။ ထိတ်ခနဲဖြစ်ပြီး ရင်ခုန်သံမြန်လာသည်။

'မာညိုသွားပြီလား ကိုကို'

'အေး မနေ့ကပဲသွားပြီ၊ လာ သက်သက် အဆောင်ပြန်မယ်မဟုတ်လား၊ ပြန်စို့'

'ကိုကို လိုက်ပို့မယ်လား'

'ဒါပေါ့'

ဆည်းဆာရောင်သည် တောက်ပသည်ထက် တောက်ပလာသည်။ ဂွမ်းလိပ်ဂွမ်းဆိုင်ကြီးများသဖွယ် လေနှင်ရာရွေ့နေသောတိမ်တိုက်များသည် အရောင်စုံတောက်၍ အလှကြီးလှနေသည်။ လေတိုက်သဖြင့် တဖျပ်ဖျပ်လှုပ်နေသော သဘော်ာမဲဇလီပွင့်ဝါဝါလေးများသည်လည်း ကောင်း၊ မြက်ပင်စိမ်းလေးများသည်လည်းကောင်း၊ မပြီးစီးသေးသော အဆောက်အအုံများသည်လည်းကောင်း သက်သက်၏မျက်စိထဲတွင် အကုန်လုံးလှနေလေသည်။

'သိပ်လှတာပဲနော် ကိုကို'

သက်သက်ကပြောသောအခါ ကျော်ထွန်းညိုသည် ပြုံးလိုက်သည်။ ထို့နောက် သက်သက်၏မျက်နှာလေးကို အဓိပ္ပာယ်ပါပါကြည့်ကာ နောက်ပြောင်သလိုပြောသည်။

'အေး သိပ်လှတာပဲ'

■ ■ ■ ■ ■

'စု သိပြီးပြီလား'

မာမီက ခပ်တိုးတိုးမေးသည်။ စုလှိုင်က ခပ်ကြောင်ကြောင် ခေါင်းယမ်းပြလိုက်သည်။ သူ ဘာကိုသိရမည်နည်း။

'သူ့ရဲ့နံပါတ်နှစ် ဆေးရုံတက်နေရတယ်လေ'

'ဟုတ်လား'

'အင်း ဟုတ်တယ်၊ ကင်ဆာတဲ့'

'ကောင်းတာပေါ့'

စုလှိုင်က လှောင်သလိုလိုပြုံး၍ အေးစက်စက်လေးပြောလိုက်လေသည်။ ဒါကြောင့်မို့လို့ ခုတစ်လော ဒက်ဒီမျက်နှာမှုန်နေတာကိုးဟု တွေးလိုက်မိသည်။

'ကင်ဆာသာဆိုရင်တော့ ကြာကြာခံမှာမဟုတ်ဘူးနော်'

'သေပေါ့မာမီရာ၊ လူဆိုတာ သေဖို့ဖြစ်လာတာပဲမဟုတ်ဘူးလား'

'ဘာရယ် စု'

'လူဆိုတာ သေဖို့ဖြစ်လာတာပဲ၊ သေတယ်ဆိုတာ ဝမ်းနည်းစရာမဟုတ်ပါဘူး'

**"မာမီသည် စုကို တအံ့တသြလှမ်းကြည့်သည်။ ခုတစ်လော စုလှိုင်၏အမူအရာများက အတန်ငယ်ထူးခြားနေသည်။ မအေးတင်ကို သူ့အခန်းထဲခေါ်အိပ်ခိုင်းသည်။ သုံးလေးညအိပ်ခိုင်းပြီးသောအခါတွင်ကား သူ့ဟာသူ တစ်ယောက်တည်းပြန်အိပ်လေသည်။ မာမီသည် သမီးဖြစ်သူကို မျက်ခြည်မပြတ်ဂရုစိုက်သူမဟုတ်သော်လည်း ယခုတစ်လော စုလှိုင်သည် တစ်ဦးတည်းငြိမ်သက်စွာထိုင်ရင်း ငေးငိုင်နေတတ်သည်ကိုကား သတိပြုမိလေသည်....."**

မာမီသည် စုကို တအံ့တသြလှမ်းကြည့်သည်။ ခုတစ်လော စုလှိုင်၏အမူအရာများက အတန်ငယ်ထူးခြားနေသည်။ မအေးတင်ကို သူ့အခန်းထဲခေါ်အိပ်ခိုင်းသည်။ သုံးလေးညအိပ်ခိုင်းပြီးသောအခါတွင်ကား သူ့ဟာသူ တစ်ယောက်တည်းပြန်အိပ်လေသည်။ မာမီသည် သမီးဖြစ်သူကို မျက်ခြည်မပြတ်ဂရုစိုက်သူမဟုတ်သော်လည်း ယခုတစ်လော စုလှိုင်သည် တစ်ဦးတည်းငြိမ်သက်စွာထိုင်ရင်း ငေးငိုင်နေတတ်သည်ကိုကား သတိပြုမိလေသည်။

'သေတာဟာ ဝမ်းနည်းစရာမဟုတ်ဘူး၊ ဟုတ်လား စု'

'ဟုတ်တယ်မာမီ၊ စု အဲဒါကိုပဲတွေးနေမိတယ်၊ ဝေဒနာသာမရှိရင် သေခြင်းတရားဆိုတာ ကြောက်စရာမလိုပါဘူး၊ ငြိမ်းချမ်းခြင်းပဲ၊ တကယ့်ကို ငြိမ်းချမ်းခြင်းပဲ'

စုလှိုင်က ခိုင်ခိုင်မာမာပြောလေသည်။ အေးစက်ရီဝေနေသော မျက်လုံးညိုလေးများသည် သူ့မိခင်ကို သူစိမ်းဆန်ဆန်ငေးကြည့်နေကြလေသည်။ မာမီသည် ရုတ်တရက်ထိတ်လန့်သလိုဖြစ်သွားသည်။

'စု နေကောင်းရဲ့လား'

'ကောင်းပါတယ် မာမီ'

စုလှိုင်သည် မှန်တင်ခုံပေါ်မှ ရက်ဗလွန်လက်သည်းဆိုးဆေးလေးကို လှမ်းယူလိုက်သည်။ ပန်းနုရောင်၊ ပန်းရင့်ရောင်၊ အနီရဲ၊ မရန်းစေ့ရောင်၊ ခရမ်းရောင်၊ အရောင်စုံစွာသောလက်သည်းဆိုးဆေးလေးများသည် တန်းစီနေကြသည်။ ရှည်သွယ်သော စုလှိုင်၏လက်သည်းလှလှလေးများသည် ဘာရောင်ဆိုးဆိုး အလှပေါ်အယဉ်ဆင့်နေကြသည်သာဖြစ်သည်။

'စု အသစ်မဆိုးခင် အဟောင်းကို အရင်ဖျက်ဦးလေ'

မာမီကသတိပေးသည်။ စုလှိုင်၏လက်သည်းရှည်ရှည်လေးများပေါ်တွင် ယခင်တစ်ပတ်ကဆိုးထားသော ခရမ်းနုရောင်ဖျော့ဖျော့လေးများက မပျက်ပြယ်သေးပေ။

စုလှိုင်သည် သူ့လက်သည်းလေးများကို ငိုင်ကြည့်နေမိပြီးမှ လက်သည်းဆိုးဆေးပုလင်းလေးကို မှန်တင်ခုံပေါ်ပြန်တင်လိုက်သည်။ လက်သည်းဆိုးရန် ရည်ရွယ်ချက်ရှိသည်မဟုတ်ဘဲနှင့် ထိုပုလင်းလေးကို အဘယ်ကြောင့် လှမ်းယူမိသနည်းဟု သူ့ကိုယ်သူအံ့သြမိရင်း မကျေမနပ်ဖြစ်သွားသည်။ ထို့နောက်မှ ခုနကပြောနေသောစကားဆက်သည် သူ့စိတ်ထဲပြန်လည်တိုးဝင်လာသည်။ ဒက်ဒီ၏နံပါတ်နှစ် ဆေးရုံတက်နေရသည့်အကြောင်းဖြစ်သည်။ ကြားစက အမှုမထားသော်လည်း ယခုပြန်တွေးမိသောအခါမှ တုန်လှုပ်သလိုဖြစ်သွားသည်။

'သူသေလည်း ဒက်ဒီအတွက်က အရေးမကြီးပါဘူး၊ မိန်းမတွေအများကြီးကျန်သေးတာပဲ'

ခေတ္တမျှငိုင်ပြီး သေခြင်းဝေဒနာကို စဉ်းစားနေမိသည်။ ထို့နောက်မှ ကောက်ကာငင်ကာပြောလိုက်လေသည်။ ထို့နောက် မဆီမဆိုင် 'စိုင်း'ကို သတိရမိသည်။ မာမီကြီးသေဆုံးပြီးသည့်နောက်ပိုင်း၌ သူသည် စုလှိုင်ဆီသို့ သုံးကြိမ်တိုင်တိုင်လာသည်။ စုလှိုင်တစ်ခါမျှအတွေ့မခံခဲ့ပေ။ ထို့ကြောင့်ထင်သည်။ စိုင်းပေးသောစာတစ်စောင်ထဲတွင် 'စုက စုရဲ့အဖေကိုကြည့်ပြီး ယောကျ်ားတွေကို တစ်တန်းတစ်စားတည်းသတ်မှတ်ထားသလားဗျာ၊ စိုင်းက အဲဒီလိုယောကျ်ားမျိုးမဟုတ်ပါဘူး' ဟု ရေးထားခဲ့လေသည်။

'ဒါပေမဲ့ ခု ဒက်ဒီက သူ့ကိုတော်တော်စွဲတယ်'

'ဘာဖြစ်လို့လဲ'

'မာမီ ဘယ်သိပါ့မလဲ'

မာမီသည် သူ့လက်သူကြွယ်တွင်စွပ်ထားသော မြလက်စွပ်လေးကို လှည့်ကစားရင်းပြောသည်။ မြမြစိမ်းနေသောကျောက်အရောင်သည် မာမီ၏အသားကိုဟပ်ကာ ဝင်းအိနေသယောင်ရှိသည်။ လက်ဆစ်ခုံပေါ်တွင်ပေါက်နေသော မွေးညင်းနုနုလေးများကိုငေးကြည့်ရင်း တချို့လူများပြောလေ့ရှိသည့် လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင်ဟူသော စကားကို စုလှိုင်သတိရမိသည်။

မာမီ၏လက်မှ အမွေးနုလေးများသည် မီးဖိုမှမီးနှင့်လုံးဝမထိတွေ့ခဲ့ရပေ။ စုလှိုင်၏လက်လေးများကမူ မီးဖိုမီးနှင့်မတွေ့ရသော်လည်း ဓာတုဗေဒလက်တွေ့လုပ်ရင်း ဘန်ဆင်မီးခွက်မှ မီးဟပ်ခြင်းခံရသည်။ တစ်ခါက အဆင်မသင့်၍ အက်စစ်လောင်ခဲ့သေးသည်။ ပညာကို လေ့လာသင်ကြားနေရသော စုလှိုင်၏လက်သည် ဖဲချပ်များကိုသာကိုင်ကစားနေသော မာမီ၏လက်များလောက် မနူးညံ့နိုင်ပေ။

'သူ့ကို မာမီမုန်းသလား'

'မာမီလား'

'ဟုတ်တယ်၊ သူ့ကိုမုန်းလား'

'ရှင်းရှင်းပြောရရင်တော့ မုန်းတာပေါ့'

မာမီက ပွင့်ပွင့်လင်းလင်းပြောကာ ပြုံးလိုက်သည်။ ထို့နောက် နေရာမှ ထကာ လုံချည်ကိုဖြန့်ပြီးမှ ကျစ်ကျစ်ဆွဲကာပြန်ဝတ်လိုက်သည်။ ကျစ်နေစွာဆွဲလိုက်သောအထက်ဆင့်စသည် မာမီ၏ရင်ပိုင်းနှင့်တင်ပိုင်းကို ပိုင်းခြား၍ပေးလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## နောင်ချိုမြို့နယ်၌ ရှေးဦးပြုစုခြင်း( အခြေခံ )သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နောင်ချို ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း နောင်ချိုမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးကျင်းပသော ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကြက်ခြေနီအသင်းခွဲ အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်လှလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားသည်။

ဆက်လက်၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းတွင် ထူးချွန်ဆုရရှိသောသင်တန်းသား၊ သင်တန်းသူများအား ထူးချွန်ဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ သင်တန်းဖြစ်မြောက်ရေးအတွက် လှူဒါန်းပေးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများအဖြစ် နောင်ချိုမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဒေါ်ခင်ချိုအေးဦးဆောင်သော နည်းပြသုံးဦးက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ





နေပြည်တော် ဖေဖော်ဝါရီ ၂

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ ဦးဆောင်သောကိုယ်စား လှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၌ ယနေ့ညနေပိုင်းတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လုံခြုံရေးကောင်စီများ၊ အထူးတပ်ဖွဲ့များနှင့် တရားဥပဒေစိုးမိုးရေး အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးအပါ အဝင် သတင်းအချက်အလက်လုံခြုံရေး နယ်ပယ်တွင်ပူးပေါင်းဆောင်ရွက်မှု၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်ရန်ကြိုးပမ်းမှုများ ကို တန်ပြန်ခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် မှုဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေး သင်တန်းများပံ့ပိုးကူညီပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓ ဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထား ပူဇော်ထားသည့် ကမ္ဘာ့ပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့်ဆီမီး များကပ်လှူပူဇော်ကာ ဗုဒ္ဓဥယျာဉ်တော် အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြ သည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ရုရှားဖက်ဒရေးရှင်း နိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူတို့က ဖျော်ဖြေဧည့်ခံ ခဲ့သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနမှ အကအဖွဲ့အား ဂုဏ်ပြုပြန်ခြင်းများ ပေးအပ်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာဆာဂေးရှွိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဌာန(၁)နှင့်နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန် ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေး ရှင်းနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။

ယနေ့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ရုရှားနိုင်ငံဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Zarenin နှင့် အဖွဲ့အား လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက ရုရှား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Igor Zubov နှင့် ရုရှားနိုင်ငံအမျိုးသားအစောင့် တပ်ဖွဲ့ဒုတိယအကြီးအကဲ Mr.Oleg Plohoy နှင့်အဖွဲ့တို့အားလည်းကောင်း၊ ပြည်ထဲ ရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်ဇော်လင်းထွန်း က ရုရှားငွေကြေးစောင့်ကြည့်ရေးဖက်ဒရယ် အဖွဲ့ ဒုတိယအကြီးအကဲ Mr.Evgeny Gileta နှင့်အဖွဲ့အားလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်း ဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက ရုရှားနိုင်ငံ ပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း Rosatom နိုင်ငံတကာစီမံကိန်းများဌာန အကြီးအကဲ Ms. Marina Belyaeva နှင့် အဖွဲ့တို့အားလည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

မြဝတီ

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Petr KONYUSHENKO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးဉာဏ်ထွန်းသည် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Mr. Petr KONYUSHENKO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှား နိုင်ငံတို့အကြား လျှပ်စစ်ကဏ္ဍပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ဒုတိယဝန်ကြီးဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ပူးပေါင်းဆောင်ရွက် ရေးအဖွဲ့ အဖွဲ့အစည်းများမှ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

မြဝတီ

## နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်း ဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာ သို့သွားရောက်ပြီး တောင်သူများစိုက်ပျိုး ထားသည့်ဆောင်းဆီထွက်သီးနှံ နေကြာ စိုက်ခင်းဧက ၁၀၀၀ ကျော် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှု အားပေးသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင် ရာဌာနများမှ နေကြာများအောင်မြင်ဖြစ် ထွန်းအောင် စိုက်ပျိုးရမည့်နည်းလမ်းများ နှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားကာ တောင်သူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင် – ကျည်တောင်–ခေါမ – ညောင်ပင်သာလမ်း မိုင်တိုင် ၂၁ မိုင် ၃ ဖာလုံမှ ၂၁ မိုင် ၆ ဖာလုံ အတွင်း အရှည်သုည ဒသမ ၄၂၆ ကီလိုမီတာ၊ အကျယ် ၅ ဒသမ ၅ မီတာ မူလကတ္တရာ လမ်း၏ ၃၀ ရာခိုင်နှုန်းအား အနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာလမ်းချဲ့ထွင်ခင်းကျင်းနေမှု ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်စိမ့်ပင် ကျေးရွာသို့ရောက်ရှိပြီး တောင်သူဦးဇော်ဝင်း ၏ကွင်းအမှတ် ၁၇၂၁ ၌ မြေဆီလွှာစစ်ဆေး ခြင်း၊ ဆောင်းမတ်ပဲ ဧက ၁၀၀၀ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုနှင့်စိုက်ခင်းအတွင်း အပင်အားဆေးပက်ဖျန်းနေမှုကို ကြည့်ရှု အားပေးကာ ဒေသခံတောင်သူများအား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာစစ်ဆေးခြင်းများကို သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာများ၊ ဓာတ်မြေဩဇာများ ကို အပြည့်အဝအချိုးကျအသုံးပြုခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို မှန်ကန်စွာ လိုက်နာကျင့်သုံးခြင်းများကို ပူးပေါင်း ဆောင်ရွက်ရန်၊ စမ်းသပ်ရရှိသည့်အဖြေအရ မိမိမြေအမျိုးအစားအလိုက် ဖြည့်စွက်ရမည့် မြေဩဇာကို ထိထိရောက်ရောက်သုံးစွဲမှ သာ မြေဆီလွှာအရည်အသွေးတိုးတက် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား၍ တောင်သူများ၏တင်ပြချက်များကိုပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင်– ကျည်တောင်– ခေါမ– ညောင်ပင်သာလမ်း မိုင်တိုင် ၁၆ မိုင် ၂ ဖာလုံမှ ၁၆ မိုင် ၄ ဖာလုံ အထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်း ကျေးရွာအနီး ပင်လောင်းလမ်းမကြီး တစ်လျှောက် လျှင်ဘေးကြောင့်ထိခိုက် ပျက်စီးခဲ့သည့်လမ်းများ ပြန်လည်ပြုပြင် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရ သည်။

အောင်ကို(ပုဗ္ဗသီရိ)

# လွန်ကဲစွာပြုပြင်ထားသောအစားအစာများစားသုံးမှုနှင့် ကျန်းမာရေး

**"လွန်ကဲစွာပြုပြင်ထားသောအစားအစာများသည် အရွယ်ရောက်ပြီးသူများတွင် အဝလွန်ခြင်း၊ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ဇီဝဖြစ်ပျက်မှုဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ စိတ်ဓာတ်ကျခြင်းနှင့် အရွယ်မတိုင်မီသေဆုံးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာထိခိုက်မှုအန္တရာယ်များနှင့်ဆက်စပ်နေကြောင်း သိပ္ပံနည်းကျအထောက်အထားများက အတည်ပြုထားသည် . . ."**

မျက်မှောက်ခေတ်တွင် ကမ္ဘာလုံးဆိုင်ရာအစားအသောက်ပုံစံများ လျင်မြန်စွာပြောင်းလဲလာသည်နှင့်အမျှ လွန်ကဲစွာပြုပြင်ထားသောအစားအစာများသည် လူသားတို့အစားအစာစားသုံးမှု၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ လွန်ခဲ့သောဆယ်စုနှစ်များစွာအတွင်း ကမ္ဘာတစ်ဝန်း၌ လွန်ကဲစွာပြုပြင်ထားသောအစားအစာများ ဝယ်ယူစားသုံးမှုတိုးမြင့်လာခဲ့ပြီး ထိုခေတ်ရေစီးကြောင်းများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများကို အစားထိုးကာ အလွန်အကျွံစားသုံးခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအတွက် အဓိကစိန်ခေါ်မှုအသစ်တစ်ရပ် ဖြစ်လျက်ရှိသည်။

လွန်ကဲစွာပြုပြင်ထားသော အစားအစာများသည် အရွယ်ရောက်ပြီးသူများတွင် အဝလွန်ခြင်း၊ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ဇီဝဖြစ်ပျက်မှုဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ စိတ်ဓာတ်ကျခြင်းနှင့် အရွယ်မတိုင်မီသေဆုံးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာထိခိုက်မှုအန္တရာယ်များနှင့်ဆက်စပ်နေကြောင်း သိပ္ပံနည်းကျအထောက်အထားများက အတည်ပြုထားသည်။ The Lancet သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက လွန်ကဲစွာပြုပြင်ထားသောအစားအစာများကြောင့် လူသားတို့၏ ကျန်းမာရေးထိခိုက်မှုများနှင့် ဆက်စပ်သည့်စာတမ်းသုံးစောင်ကို ထုတ်ပြန်ခဲ့သည်။ Professor Carlos Monteiro ဦးဆောင်သော နိုင်ငံတကာပညာရှင် ၄၃ ဦးက ရေးသားပြုစုထားသည့် Lancet စီးရီးသည် လွန်ကဲစွာပြုပြင်ထားသော အစားအစာများကြောင့် ကျန်းမာရေးထိခိုက်မှုများအတွက် သိပ္ပံနည်းကျအထောက်အထားများကို ဆန်းစစ်ပြီး စားသုံးမှုနှင့် မကူးစက်နိုင်သောရောဂါများစွာတို့ကြား ဆက်စပ်မှုကို မီးမောင်းထိုးပြထားသည်။

ယေဘုယျအားဖြင့် ဝင်ငွေမြင့်မားသောနိုင်ငံများ အထူးသဖြင့် ဥရောပ၊ မြောက်အမေရိကနှင့် ဩစတြေးလျနိုင်ငံများတွင် လွန်ကဲစွာပြုပြင်ထားသော အစားအစာများစားသုံးမှုမြင့်မားကြောင်း အစီရင်ခံတင်ပြကြသည်။ ဝင်ငွေမြင့်မားသောနိုင်ငံများရှိ လူငယ်များနှင့် အရွယ်ရောက်ပြီးသူများတွင် စားသုံးမှု သိသာထင်ရှားစွာတိုးလာကြောင်း အတည်ပြုထားသည်။ နော်ဝေနိုင်ငံ၌ လေ့လာမှုတစ်ခုအရ လွန်ကဲစွာပြုပြင်ထားသည့် အစားအစာများသည် အစားအသောက်လက်လီရောင်းချသူများထံမှဝယ်ယူသော အစားအစာများ၏ ၅၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို စားသုံးမှုနှုန်းမြင့်မားလာခြင်းသည် ကျန်းမာရေးအန္တရာယ်များနှင့် ဆက်စပ်နေပြီး ပညာရေးအဆင့်နိမ့်ခြင်း၊ ဝင်ငွေနည်းခြင်း၊ မြို့ပြလူနေမှုအဆင့်အတန်းများသည်လည်း လွန်ကဲစွာပြုပြင်ထားသောအစားအစာများ သုံးစွဲမှုမြင့်မားခြင်းနှင့်ဆက်စပ်နေကြောင်း တွေ့ရသည်။

လွန်ကဲစွာပြုပြင်ထားသော အစားအစာများသည် အရသာနှင့်အသွင်အပြင်ကိုမွမ်းမံထားသည့် ဖြည့်စွက်ပစ္စည်းများပါဝင်ခြင်းကြောင့် အနံ့အရသာအလွန်ရှိပြီး မကြာခဏစားချင်လောက်အောင် အလွန်ဆွဲဆောင်မှုရှိ(အထူးသဖြင့် ကလေးများအတွက်)သည်။ လွန်ကဲစွာပြုပြင်ထားသောအစားအစာများသည် သဘာဝအစားအစာများမှရရှိသည့် ဒြပ်ပေါင်းများကဲ့သို့ စက်မှုဖော်မြူလာများဖြင့် အဓိကထုတ်လုပ်ထားသော အစားအသောက်များဖြစ်ပြီး သကြား၊ ဆားနှင့်အဆီဓာတ်ပါဝင်မှုမြင့်မားသည်။ လွန်ကဲစွာပြုပြင်ထားသည့်အစားအစာများ ထုတ်လုပ်မှုတွင်အသုံးပြုသော လုပ်ငန်းစဉ်များသည် အကျိုးအမြတ်များစွာရရှိစေရန်၊ အရသာအလွန်ကောင်းမွန်စေရန်နှင့် အချိန်မရွေး၊ နေရာမရွေး အလွယ်တကူစားသုံးနိုင်စေရန် ရည်ရွယ်သည်။ လွန်ကဲစွာပြုပြင်ထားသည့်အစားအစာများတွင် သကြားပါသော အချိုရည်များ၊ အချိုပွဲများ၊ ချောကလက်များ၊ ထုပ်ပိုးထားသော သရေစာများ၊ သကြားလုံးများ၊ နံနက်စာစီရီရယ်များ၊ ပေါင်မုန့်များ၊ ကိတ်မုန့်များ၊ ရေခဲမုန့်များ၊ ပြုပြင်ထားသောအသားများ၊ ခေါက်ဆွဲထုပ်များနှင့် တခြားအသင့်စားအစားအသောက်များ ပါဝင်သည်။

လွန်ကဲစွာပြုပြင်ထားသော အစားအစာများသည် အာဟာရဓာတ်ကြွယ်ဝသည့်အစားအစာများကို အစားထိုးလာမှုကြောင့် အစားအသောက်အရည်အသွေး ကျဆင်းစေပြီး နှစ်ရှည်လများစားသောက်သောအခါ ကျန်းမာရေးအန္တရာယ်များတိုးလာစေသည်။ ကျယ်ပြန့်သောသုတေသနပြုချက်များအရ လွန်ကဲစွာပြုပြင်ထားသည့်အစားအစာများကို မြင့်မားစွာစားသုံးမှုသည် အန္တရာယ်ဖြစ်စေနိုင်သော ဖြည့်စွက်ပစ္စည်းများ တိုးမြှင့်စားသုံးခြင်း အပြင် ပြုပြင်ခြင်းနှင့် ထုပ်ပိုးခြင်းမှ အဆိပ်အတောက်များညစ်ညမ်းခြင်းတို့ကြောင့် ခန္ဓာကိုယ်တွင် မလိုလားအပ်သော အန္တရာယ်များဖြစ်စေနိုင်သည်။ အမျှင်ဓာတ်နှင့် အဏုဇီဝအာဟာရစားသုံးမှုကို လျော့ကျစေပြီး အကာအကွယ်ပေးသော phytochemicals စားသုံးမှုကိုလည်း လျှော့ချခြင်းဖြင့် အာဟာရဓာတ်မညီမျှမှုကို ပိုမိုဆိုးရွားစေသည်။ အသည်း၏ လုပ်ဆောင်နိုင်စွမ်းကို ထိခိုက်စေနိုင်ပြီး အင်ဆူလင်ခံနိုင်ရည်ရှိမှုနှင့်အတူ သွေးတွင်းဂလူးကို့စ်၊ သွေးတွင်းကိုလက်စထရောနှင့် triglycerides များကို မြင့်တက်စေသည်။ ရောင်ရမ်းမှုနှင့် အစာအိမ်နှင့်အူလမ်းကြောင်း microbiome ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပြီး အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် နှလုံးဆိုင်ရာအန္တရာယ်များကို မြင့်တက်စေကြောင်း လေ့လာမှုများက တွေ့ရှိခဲ့သည်။ အလွန်အကျွံစားသုံးမှုကိုတွန်းအားပေးပြီး ကယ်လိုရီစားသုံးမှုမြင့်မားခြင်း၊ ကိုယ်အလေးချိန်တက်လာပြီး အဝလွန်ခြင်းနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါကိုဖြစ်ပေါ်စေကြောင်း လေ့လာမှုများအရ အတည်ပြုခဲ့သည်။

လေ့လာမှုများအရ အလွန်အကျွံပြုပြင်ထားသောအစားအစာများကို ပမာဏများများစားခြင်းသည် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ရုတ်တရက်နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ စောစီးစွာသေဆုံးခြင်းနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လက Europe Society of Cardiology Congress တင်ပြခဲ့သောလေ့လာမှုတစ်ခုတွင် ဩစတြေးလျအမျိုးသမီး ၁၀၀၀၀ ၏ အစားအသောက်များကို ၁၅ နှစ်ကြာ စောင့်ကြည့်ခဲ့ရာ အလွန်အကျွံပြုပြင်ထားသောအစားအစာပမာဏ အများဆုံးစားသူများသည် အနည်းဆုံးစားသူများထက် သွေးတိုးဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်းပိုများသည်။ နာတာရှည်ရောဂါအန္တရာယ်များဖြစ်နိုင်ခြေလေ့လာမှု ၁၀၀ ကျော်တွင် လွန်ကဲစွာပြုပြင်ထားသောအစားအစာများသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ တချို့သောကင်ဆာများ၊ စိုးရိမ်စိတ်နှင့် စိတ်ကျရောဂါကဲ့သို့သော စိတ်ရောဂါများနှင့် သေဆုံးမှုနှုန်းမြင့်မားခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရသည်။

ကျန်းမာရေးအတွက် အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ ငါး၊ မပြည့်ဝဆီများ၊ အခွံမာသီး၊ အစေ့အဆန်၊ ပဲအမျိုးမျိုးနှင့် မပြုပြင်ရသေးသောအစားအစာများ ပါဝင်သည့် မြေထဲပင်လယ်အစားအသောက်ပုံစံကို သုတေသီများက အကြံပြုထားပြီးဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော စားသောက်မှုပုံစံများသည် ဟင်းသီးဟင်းရွက်များ၊ သစ်သီးများ၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ ငါးနှင့်နို့ထွက်ပစ္စည်းများ အထူးသဖြင့် ဒိန်ချဉ်နှင့်ဒိန်ခဲကဲ့သို့သော အချဉ်ဖောက်ထားသည့် နို့ထွက်ပစ္စည်းများကို အလေးထားပြီး အနီရောင်နှင့်ပြုပြင်ထားသောအသားများနှင့် သကြားများစားသောက်မှုကို ကန့်သတ်ထားသည်။ ထို့ကြောင့် အစားအသောက်ကို ကျန်းမာရေးနှင့်ညီညွတ်စေရန် ပြောင်းလဲလိုပါက လဲလှယ်စားသောက်မှုတချို့ ပြုလုပ်နိုင်သည်။

သကြား သို့မဟုတ် အချိုဓာတ်ပါသော ဒိန်ချဉ်များအစား ရိုးရိုးဒိန်ချဉ်ကို ရွေးချယ်ပြီး အချိုအတွက် အသင့်လှီးထားသည့် လတ်ဆတ်သော သစ်သီး၊ အေးခဲထားသော သို့မဟုတ် အခြောက်လှန်းထားသော သစ်သီးများကို ထည့်စားပါ။ သကြားပါသောအမျှင်ဓာတ်နည်းသည့် မနက်စာစားမည့်အစား သစ်သီးနှင့် အခွံမာသီး သို့မဟုတ် ဂျုံယာဂု သို့မဟုတ် ထမင်းကြမ်းနှင့်ပဲပြုတ်ကို ဆီ၊ ဆားအနည်းငယ်ဖြင့် ရိုးရှင်းစွာစားပါ။ ကိတ်မုန့်များအစား လတ်ဆတ်သော၊ ဖုတ်ထားသော သို့မဟုတ် ပြုတ်ထားသောအသီးအနှံများ သို့မဟုတ် ကန်စွန်းဥပြုတ်ကိုစားသုံးပါ။ ပြုပြင်ပြီးသားအသားပြားများအစား ကြက်ရင်ပုံသား သို့မဟုတ် အဆီများသောငါး၊ ငါးကြင်း သို့မဟုတ် ငါးတန်ကိုစားသုံးပါ။ အစားအစာများကို အဆင်သင့်ဝယ်ယူစားမည့်အစား စိတ်ကြိုက်အစားအစာများကို အိမ်တွင် ကျန်းမာရေးနှင့်ညီညွတ်အောင် ချက်ပြုတ်စားသောက်ခြင်းက ပိုကောင်းသည်။

အချုပ်အားဖြင့်ဆိုရသော် လွန်ကဲစွာပြုပြင်ထားသောအစားအစာများ စားသုံးမှုသည် အဝလွန်ခြင်းနှင့် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ ရုတ်တရက် နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ စောစီးစွာသေဆုံးခြင်း၊ နာတာရှည်ရောဂါအန္တရာယ်များနှင့်ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ လွန်ကဲစွာပြုပြင်ထားသော အစားအစာများ၏ ကျန်းမာရေးဆိုင်ရာထိခိုက်မှုအန္တရာယ်များနှင့်ပတ်သက်၍ လေ့လာမှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ လက်ရှိအထောက်အထားများအရ ရောဂါကာကွယ်ရေးနှင့် ကုသမှုနည်းလမ်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လွန်ကဲစွာပြုပြင်ထားသောအစားအစာများ စားသုံးမှုကို လျှော့ချစားသုံးရန် အကြံပြုထားကြောင်း ကျန်းမာရေးသုတ မျှဝေလိုက်ရပါသည်။ ။

**ဒေါက်တာသိင်္ဂီကျော်**

---

## သာပေါင်းမြို့နယ်၌ ဆောင်းသီးနှံဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

သာပေါင်း ဖေဖော်ဝါရီ ၂


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သာပေါင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်လျာထားဧက ၄၅၇၉ ဧကကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၀၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ လက်ရှိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံအားလုံး လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံများ လျာထားဧကအတိုင်း အောင်မြင်စွာစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သုတကျော်**



⊃ ရှေ့ဖုံးမှအဆက်

| | | | | |
|---|---|---|---|---|
| (၂) | ခွန်ဖိုးစိန် | ၁၃/ပလန(နိုင်)၀၆၈၅၁၄ | ပင်လောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၃) | ဦးထွန်းလှ(ခ) ဦးတိုးရ | ၁၃/ညရန(နိုင်)၀၀၈၉၄၅ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ |
| (၄) | စိုင်းကျော်ရင် | ၁၃/ဖခန(နိုင်)၀၁၃၈၀၆ | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးညီညီဇော် | ၁၂/အစန(နိုင်)၂၀၃၉၁၄ | သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၆) | စိုင်းကျော်ဝင်း | ၁၃/မနန(နိုင်)၀၀၁၁၃၈ | မိုးနဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၇) | ဒေါ်နန်းမွန်းအောင် | ၁၃/လခန(နိုင်)၀၂၉၂၄၉ | ကျေးသီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၈) | ဦးစိုင်းနော်ခမ်း | ၁၃/မရန(နိုင်)၀၁၈၇၁၄ | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | | |
|---|---|---|---|---|
| (၉) | ခွန်ဝင်းနောင် | ၁၃/ပလန(နိုင်)၀၀၁၆၇၁ | ပင်လောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၀) | ခွန်ကျော်အေး | ၁၃/တကန(နိုင်)၂၂၅၅၇၈ | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၁) | ဦးဒီဂေါလ် | ၁၃/ဟပန(နိုင်)၀၂၇၇၈၃ | ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးအောင်ပြည့်စုံ | ၁၃/ကလန(နိုင်)၁၄၃၅၇၈ | ရွာငံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ |
| (၁၃) | ဦးဟိန်းထက်ဇော် | ၁၃/ရစန(နိုင်)၀၄၈၂၉၉ | ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ခွန်ဆောင်းရွှေ | ၁၃/ကတလ(နိုင်)၀၀၁၃၆၂ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၅) | ခွန်စနေအောင် | ၁၃/ဆဆန(နိုင်)၀၇၆၅၄၈ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၆) | ခွန်ထွန်းငယ် | ၁၃/ဆဆန(နိုင်)၀၀၀၁၃၈ | ကလောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၇) | စိုင်းထိန်စိုး | ၁၃/မမန(နိုင်)၀၀၀၀၁၈ | ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | စိုင်းလုံကျော် | ၁၃/တကန(နိုင်)၀၁၅၂၈၃ | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးလင်းလင်းနိုင် | ၅/ကလထ(နိုင်)၁၄၈၅၇၇ | မောက်မယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ |
| (၂၀) | ဦးကြည်လွင် | ၁၃/ညရန(နိုင်)၀၆၃၇၄၂ | လင်းခေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ |
| (၂၁) | စဝ်သာဦး | ၁၃/တကန(နိုင်)၀၁၈၈၉၇ | မိုင်းပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )**

| | | | | |
|---|---|---|---|---|
| (၂၂) | ဒေါ်ဝါဝါထွေး | ၁၃/တကန(နိုင်)၀၀၂၉၃၆ | နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးနိုင်ဝင်းအောင် | ၁၃/ပလန(နိုင်)၀၅၉၇၀၉ | လွိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဒေါ်နန်းသီတာနွယ် | ၁၃/နစန(နိုင်)၀၀၀၁၃၃ | ကျေးသီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးကျော်ကျော်နိုင် | ၁၃/ကဟန(နိုင်)၀၁၃၆၁၄ | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမင်းထွန်းအောင် | ၇/နတလ(နိုင်)၀၀၀၀၁၅ | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၇) | ဦးစိုင်းဟောင်ခမ်း | ၁၃/ကတန(နိုင်)၀၈၁၃၄၈ | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၈) | ဒေါ်နန်းခမ်းလူ(ခ) နန်းလဲ့လဲ့ဖြိုး | ၁၃/လခန(နိုင်)၀၀၀၃၁၅ | မိုးနဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၉) | ခွန်ထွန်းလေး | ၁၃/လလန(နိုင်)၀၃၇၉၂၈ | လဲချားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )**

| | | | | |
|---|---|---|---|---|
| (၃၀) | ဦးဇော်လွင် | ၁၃/မဘန(နိုင်)၀၁၄၁၄၆ | နမ့်ဆန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဒေါ်စိုးစိုးငြိမ်း | ၁၃/နခတ(နိုင်)၀၂၉၆၇၆ | မန်တုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၂) | ဦးသန်းထိုက်ဇော် | ၁၃/ကမန(နိုင်)၀၈၇၉၃၇ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးသီဟလှိုင် | ၁၃/နခတ(နိုင်)၀၇၇၄၀၇ | သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဒေါ်နန်းခမ်းမန် | ၁၃/နဖန(နိုင်)၀၀၀၀၂၆ | တန့်ယန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဦးစိုင်းခမ်း | ၁၃/မရတ(နိုင်)၀၀၀၆၆၉ | နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဒေါ်ခိုင်သန္တာထွေး | ၁၃/နခတ(နိုင်)၀၉၉၇၉၀ | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးစိုင်းခမ်းကျော် | ၁၃/ကမန(နိုင်)၀၆၇၀၂၃ | မိုးမိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၈) | ဦးသန်းဇော်ဦး | ၁၃/မမတ(နိုင်)၀၃၆၃၉၀ | နမ္မတူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၉) | နန်းခမ်းလီ | ၁၃/ကမန(နိုင်)၀၆၇၁၀၄ | မဘိမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၆ )**

| | | | | |
|---|---|---|---|---|
| (၄၀) | ဦးကျော်သိန်းအောင် | ၁၃/နခန(နိုင်)၀၇၈၀၈၉ | ပန်ဆန်း(ပန်ခမ်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးနော်အောင် | ၁၃/ကခန(နိုင်)၀၁၆၈၃၂ | ဟိုပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | စိုင်းဝင်းမြင့် | ၁၃/သနန(နိုင်)၀၀၂၅၉၆ | ပန်ဝိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၃) | ဦးစိုင်းအောင်မြင့် | ၁၃/ကခန(နိုင်)၀၁၆၂၇၇ | နားဖန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၄) | ဦးစိုးကမ္ဘာစိတ် | ၁၃/လရန(နိုင်)၁၃၀၆၄၀ | မိုင်းမောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၅) | ဦးစိုင်းဘသန်း | ၁၃/နမတ(နိုင်)၀၁၅၈၁၁ | မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၆) | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | ၁၂/လသန(နိုင်)၀၂၀၃၀၆ | လောက်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဒေါ်မြမြဆွေ | ၁၃/လရန(နိုင်)၀၂၄၀၁၃ | ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးခင်အောင်ဆွေ | ၁၃/လရန(နိုင်)၁၃၄၃၀၆ | လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ | ၁၃/နမတ(နိုင်)၀၃၁၃၅၃ | မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၈ သို့ ⊃

⊃ စာမျက်နှာ ၇ မှအဆက်

| | | | | |
|---|---|---|---|---|
| (၅၀) | ဦးဌေးဝင်းလှိုင် | ၉/သစန(နိုင်)၀၉၀၈၂၈ | ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးသန်းစိုး | ၉/ကပတ(နိုင်)၀၀၂၁၈၉ | နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) | ဦးမောင်မောင် | ၁၃/လရန(နိုင်)၁၀၀၅၂၂ | ကွမ်းလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၃) | ဦးစိုင်းစမ်(ခ) စိုင်းခွန်မောင် | ၁၃/လရန(နိုင်)၀၃၇၁၉၄ | သိန္နီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ(အပိုင်း ၃)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | ၂၆၈၁၂၀ | ၂၄၃၄၃ | ၂၉၂၄၆၃ | |
| ၁ | မက်မန်း | | | ၇၄၅၉ | ၈၄၄ | ၈၃၀၃ | |
| | | ဦးခမ်းလူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၇၃ | ၇၃၉ | ၇၃၁၂ | ၈၈.၀၆% |
| | | ဦးမောရှေ | 'ဝ'အမျိုးသားပါတီ | ၈၈၆ | ၁၀၅ | ၉၉၁ | ၁၁.၉၄% |
| ၂ | ပင်လောင်း | | | ၉၇၁၇၄ | ၇၇၃၂ | ၁၀၄၉၀၆ | |
| | | ခွန်ဖိုးစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၈၀၂၀၅ | ၃၇၀၉ | ၈၃၉၁၄ | ၇၉.၉၉% |
| | | ခွန်ဖိုလ်ဒင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၃၉ | ၃၅၃၈ | ၁၄၀၇၇ | ၁၃.၄၂% |
| | | ဦးနန္ဒကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၅၀ | ၃၉၁ | ၅၀၄၁ | ၄.၈၀% |
| | | ဦးသူရအောင် | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၇၈၀ | ၉၄ | ၁၈၇၄ | ၁.၇၉% |
| ၃ | ညောင်ရွှေ | | | ၉၆၀၇၈ | ၄၉၃၃ | ၁၀၁၀၁၁ | |
| | | ဦးထွန်းလှ(ခ)ဦးတိုးရ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၃၁၃၅ | ၂၃၅၉ | ၄၅၄၉၄ | ၄၅.၀၄% |
| | | ခွန်စိုးခေါင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၂၂၁၂၄ | ၇၅၄ | ၂၂၈၇၈ | ၂၂.၆၅% |
| | | ဒေါ်ဖြူလင်းသက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၀၂၂ | ၁၃၄၆ | ၁၈၃၆၈ | ၁၈.၁၈% |
| | | ဦးမျိုးတေဇာအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၇၇၅ | ၂၀၄ | ၅၉၇၉ | ၅.၉၂% |
| | | ဦးစံတင့် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၃၂၄၈ | ၈၀ | ၃၃၂၈ | ၃.၂၉% |
| | | ခွန်ဝင်းလွင်ထွေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃၈၇ | ၁၀၆ | ၂၄၉၃ | ၂.၄၇% |
| | | ဦးဇင်ဖြိုးလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၈၇ | ၈၄ | ၂၄၇၁ | ၂.၄၅% |
| ၄ | ဖယ်ခုံ | | | ၂၆၅၅ | ၁၇၂၈ | ၄၃၈၃ | |
| | | စိုင်းကျော်ရင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၀ | ၁၅၆၈ | ၃၁၄၈ | ၇၁.၈၂% |
| | | ဦးစံထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၁၂ | ၇၅ | ၇၈၇ | ၁၇.၉၆% |
| | | ဒေါ်ဇင်မာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၁ | ၅၉ | ၂၇၀ | ၆.၁၆% |
| | | ဒေါ်စန္ဒာလွင် | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၂ | ၂၆ | ၁၇၈ | ၄.၀၆% |
| ၅ | သီပေါ | | | ၁၅၆၆၁ | ၁၁၉၂ | ၁၆၈၅၃ | |
| | | ဦးညီညီဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၉၃ | ၃၇၃ | ၉၀၆၆ | ၅၃.၇၉% |
| | | ဦးစိုင်းခင်မောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၆၈ | ၈၁၉ | ၇၇၈၇ | ၄၆.၂၁% |
| ၆ | မိုးနဲ | | | ၁၅၄၃၄ | ၄၄၁၆ | ၁၉၈၅၀ | |
| | | စိုင်းကျော်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၂၀၈ | ၆၉၀ | ၁၀၈၉၈ | ၅၄.၉၀% |
| | | ဦးစိုင်းဝင်းဇော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၂၆ | ၃၇၂၆ | ၈၉၅၂ | ၄၅.၁၀% |
| ၇ | ကျေးသီး | | | ၁၈၃၀၁ | ၁၉၀၈ | ၂၀၂၀၉ | |
| | | ဒေါ်နန်းမွန်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၉၅၄ | ၃၂၄ | ၁၁၂၇၈ | ၅၅.၈၁% |
| | | စိုင်းကျော်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၃၄၇ | ၁၅၈၄ | ၈၉၃၁ | ၄၄.၁၉% |
| ၈ | မိုင်းရှူး | | | ၁၅၃၅၈ | ၁၅၉၀ | ၁၆၉၄၈ | |
| | | ဦးစိုင်းနော်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၂၆ | ၁၁၅၀ | ၉၃၇၆ | ၅၅.၃၂% |
| | | ဒေါ်နန်းခမ်းမိုစံ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၂ | ၄၄၀ | ၇၅၇၂ | ၄၄.၆၈% |

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၃)
တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ် )၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)
နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၈၁၉၅၅၃ / ၁၃ = ၆၃၀၄၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၈၁၉၅၅၃ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၃၂၂၇၀၈ | ၅ | ၇၄၉၈ | - | ၅ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၄၁၄၇ | ၃ | ၃၅၀၂၁ | ၁ | ၄ | |

စာမျက်နှာ ၉ သို့ ❑

❑ စာမျက်နှာ ၈ မှအဆက်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၃။ | ခနောင်တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၀၇၃၁၁ | ၁ | ၄၄၂၆၉ | ၁ | ၂ | |
| | | ၄။ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၅၁၉၆၃ | - | ၅၁၉၆၃ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃၇ | - | ၄၄၂၃၇ | ၁ | ၁ | |
| | | ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၈၃၀ | - | ၃၀၈၃၀ | - | - | |
| | | ၇။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၂၈၂ | - | ၁၉၂၈၂ | - | - | |
| | | ၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၂၇ | - | ၉၉၂၇ | - | - | |
| | | ၉။ | ပြည်သူ့ပါတီ | ၉၁၄၈ | - | ၉၁၄၈ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ပင်းတယ၊ ဟိုပုံး၊ တောင်ကြီး၊ လင်းခေး၊ ရွာငံ၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ မိုင်းပန်၊ မောက်မယ် မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ပင်လောင်း၊ ညောင်ရွှေ၊ ဖယ်ခုံ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၂)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၈၈၄၀၃ / ၈ = ၂၃၅၅၀

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၁၈၈၄၀၃ | ၆ | | ၂ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၈၈၈ | ၃ | ၁၂၂၃၈ | ၁ | ၄ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၂၄၅၆ | ၃ | ၁၁၈၀၆ | - | ၃ | |
| | | ၃။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၂၃၀၅၉ | - | ၂၃၀၅၉ | ၁ | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် နမ့်စန်၊ လွိုင်လင်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ လဲချား မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မိုးနဲ၊ ကျေးသီး၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၃)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၁၅၆၇၃ / ၁၀ = ၁၁၅၆၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၁၁၅၆၇၃ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၇၂၁ | ၅ | ၈၈၈၆ | ၁ | ၆ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၇၇၈၅ | ၃ | ၃၀၈၄ | - | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၆၇ | - | ၁၁၁၆၇ | ၁ | ၁ | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် နောင်ချို၊ တန့်ယန်း၊ မိုင်းရယ် မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် သီပေါ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၈၄၄၄ / ၁၄ = ၄၈၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၆) | | | ၆၈၄၄၄ | ၁၃ | | ၁ | ၁၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၄၉၆ | ၈ | ၁၃၉၂ | ၁ | ၉ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၇၃၇ | ၄ | ၁၁၈၅ | - | ၄ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၂၀ | ၁ | ၁၃၃၂ | - | ၁ | |
| | | ၄။ | 'ဝ'အမျိုးသားပါတီ | ၉၉၁ | - | ၉၉၁ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် မူဆယ်၊ လားရှိုး မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မက်မန်း မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်၌ တံပူရှားမီး ပူဇော်သူများဖြင့်စည်ကားလျက်ရှိ



လားရှိုး ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၌ ဩဝါဒ ပါတိမောက်အခါတော်နေ့ တပို့တွဲလပြည့်နေ့ ညပိုင်းတွင် တံပူရှားမီးပူဇော်သူများ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့တံပူရှားမီးပူဇော်ပွဲတွင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ရှိ ဆုတောင်းပြည့် မဟာမြတ်မုနိ နီးဘုရားကြီး၊ ဗုဒ္ဓခတ်တော်နှင့် ရဟန္တာတို့၏ခတ်တော်ဂန္ဓကုဋိတိုက်တော်ကြီး၌ ဆီမီး၊ အမွှေးတိုင်၊ ပန်းနှင့်ရေချမ်း၊ လှူဖွယ်ဝတ္ထု အစုစုဆက်ကပ်လှူဒါန်းသူများ၊ ကောင်းမှုကုသိုလ်ပြုကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မဟာဗုဒ္ဓဝင်ပြတိုက်နှင့် မုန်ဝက်ပါပြခန်းတို့၌ လာရောက်လေ့လာကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ကြီးရှေ့၌ ဘုရားဖူးပြည်သူများ ကုသိုလ်ပွားများနိုင်ရန်အတွက် ဆီမီး၊ အမွှေးတိုင်၊ ဘုရားပန်းများနှင့်မုန့်အမျိုးမျိုးတို့ကို ပွဲဈေးသည်များကရောင်းချပေးလျက်ရှိရာ ဈေးရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်သည် ဗုဒ္ဓဘာသာဝင်များ ယုံကြည်အားထားကိုးကွယ်ရာဖြစ်သည့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား အနွေးခတ်များရရှိစေရန်ရည်ရွယ်၍ ထင်းသားကောင်းမွန်ပြီး ညှော်နံ့ကင်းစင်သည့်တံပူရှားမီးများဖြင့်ထွန်းညှိပူဇော်ခြင်းဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ မွန်မြတ်သည့် ရိုးရာဓလေ့ဖြစ်ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ (၇၉)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ

ပေါင် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ပေါင်မြို့နယ်၏ (၇၉)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကဒါရပ်ကွက် ကမ္ဘာအေးစေတီဘုရား၌ ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ (၇၉)နှစ်မြောက်မွန်အမျိုးသားနေ့ အလံလွှင့်ထူပြီး တာဝန်ရှိသူများကဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မွန်အမျိုးသား နိုင်ကျော်သန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကဒါရပ်ကွက်(၇၉)နှစ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ်ကျင်းပနိုင်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ညီလေးက မွန်တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက်ကြိုးပမ်းရင်း တိုင်းရင်းသားညီအစ်ကိုများနှင့်လည်းစည်းလုံးညီညွတ်ရေးအတွက်ကြိုးစားဆောင်ရွက်သွားရန်၊ စာပေဆပ်ကော်မတီမွန်လူငယ်ဖြစ်သော နိုင်အောင်မျိုးလင်းက မွန်အမျိုးသားများ စာပေနှင့်ယဉ်ကျေးမှုများဆိုင်ရာ မပပျောက်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ မွန်လူငယ်နိုင်ညီညီမင်းသော်ကလည်း မွန်အမျိုးသားနေ့နှင့်ပတ်သက်သည့်မြေစိုက်ပိုစတာများစိုက်ထူရခြင်း၏ရည်ရွယ်ချက်များကို ချပြရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူရှင်များက သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်များဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအားဧည့်ခံကျွေးမွေးကြသည်။ ယင်းနောက် ပုံပြင်၊ ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးအပ်ကြသည်။

ယင်းနောက် (၇၉)နှစ်မြောက်မွန်အမျိုးသားနေ့ကျင်းပခြင်းဖြင့် မွန်တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ဘိုးဘွားများချမှတ်ထားသည့် ရိုးရာဓလေ့ထုံးတမ်းများကို ဖော်ထုတ်နိုင်ပြီး မွန်လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ထုံးတမ်းတို့ကို မပျောက်မပျက်အောင် ဂရုပြုကာ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရန်ရည်ရွယ်၍ မွန်အမျိုးသားနေ့ကိုအစဉ်အဆက် လက်ဆင့်ကမ်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ဗမောက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မိုးကောင်း ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဗမောက်ကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးတင်ဇော်လင်း၊ မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ဗမောက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်၌ Box Culvert တစ်စင်း၊ ရေပြွန်တစ်စင်း၊ အုတ်ခုံခံကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအားသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဗမောက်ကုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိ ကုန်ထုတ်လမ်းအပိုင်း(၁) သဲကျောက်ခင်းခြင်းလုပ်ငန်း၊ အရှည် ၅ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၅ ပေရှိ Box Culvert တစ်စင်း၊ အကျယ် ၃ ပေ၊ အရှည် ၂၄ ပေရှိ Pipe Culvert တစ်စင်းနှင့် အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၆ ပေရှိ အုတ်ခုံခံကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၈ ဒသမ ၆၅၀ သန်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

## မြန်မာ့ဂုဏ်ရည် ပညာနန်း

- ပြည်လူ့ဘောင် တိုးတက်မနေး
  ပညာရေးသည် အုတ်မြစ်ပမာ။
  ဘက်စုံချွန် ပြည့်သားကောင်းများ
  ဖွားမြောက်ဖို့ရာ။
  ခေတ်စနစ်နဲ့ တန်းညီစွာ
  အမီလိုက်ပါ ရပ်တည်ရေး။
  ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်း
  ရည်မှန်းမြော်တွေး။
- လှမ်းတက်ချီ အနာဂတ်လမ်း
  ပြည့်ဂုဏ်နန်း တင့်ဖို့ရာ။
  မျိုးဆက်မွန် ရင်းမြစ်များ
  ဖွားသစ်တည်ကာ။
  ပြည့်အမွေကမ်း ပြည့်ဝန်တာ
  ကျေပွန်စွာ ဆက်ခံမှု။
  ပေါ်ထွန်းလာ ပညာတတ်များ
  အားထားအခြေပြု။
- ထက်မြက်ချွန် ပညာတတ်များ
  ထွန်းတောက်ကြွား ပြည့်ဖို့လျှင်။
  ဝိဇ္ဇာ သိပ္ပံ ပညာရပ်များ
  တိုးပွားဖို့သင်။
  ပြီးပြည့်ဝ စံနှုန်းယှဉ်
  ဘက်စုံသိမြင် မြှင့်တင်မှန်း။
  ထိရောက်မှန် ဘာသာရပ်များနဲ့
  အားမြှင့်တက်လှမ်း။
- ပညာရည် ဘက်စုံဖြိုးလို့
  အမျိုးသားရေး ပြည့်ပန်းတိုင်။
  ခေတ်မီမီ ပညာရေးစနစ်နဲ့
  ထုဆစ်ခိုင်ခိုင်။
  အသုံးချ ထိရောက်ပိုင်နိုင်
  ဆန်းစစ်တူပြိုင် မြင့်မားဖို့။
  အလှထုံကြည်
  မြန်မာ့ဂုဏ်ရည် ပညာနန်းကိုလ
  မျှော်မှန်းရည် မူဝါဒများနဲ့
  ဝင့်ကြွားညီ တင့်တယ်မွေးစေရအောင်
  အလေးထားကာ မြှင့်တင်လှမ်းလို့ရယ်
  ကြိုးပမ်းကြစို့။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## MWDVariety Channel

၃-၂-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၅ | စကားလက်ဆုံ |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၂:၅၀ | ကြည်နူးဖူးမြော်ဘုရားပုထိုးစေတီတော် |

# (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ



မော်လမြိုင် ဖေဖော်ဝါရီ ၂

၂၀၂၆ခုနှစ်(၇၉)ကြိမ်မြောက်မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် သဘာပတိအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သဘာပတိအဖွဲ့ဝင်တစ်ဦးက မွန်အမျိုးသားနေ့ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်အမျိုးသားနေ့ အထိမ်းအမှတ်အမှာစကားပြောကြားပြီး ဒေသခံမွန်တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မွန်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မွန်စာပေပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်ကြပြီး ၂၀၂၇ ခုနှစ် အကြိမ် (၈၀)မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပမည့် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာသို့ မွန်အမျိုးသားအလံကိုလက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ မင်းရွာကျေးရွာ မွန်ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုစင်တာအတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ပုံတူစေတီတော်မြတ် ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့်မွန်ရိုးရာအိမ်သစ်တက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြစေတီစာသင်တိုက်ကြီး ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက စိန်ဖူးတော်နှင့်ရွှေထီးတော်တို့ကို လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်မြတ်ကြီးထံ တင်လှူပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က (၈၄) ကြိမ်မြောက် မော်လမြိုင်မြို့နယ်လုံးဆိုင်ရာ နှစ်ကျိုပ်ရှစ်ဆူဘုရားများလှည့်လည်ပူဇော်ပွဲနှင့်ဒသမအကြိမ်မြောက် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြည်ညို၍ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုနှင့် နှစ်သိမ့်ဆုရရှိသော နှစ်ကျိုပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ရေးအဖွဲ့များနှင့် ရပ်ကွက်ဥပါသကာအဖွဲ့များကို ဂုဏ်ပြုဆုများ၊ ငွေသားဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်၍ ဓမ္မတေးဂီတဖျော်ဖြေရေးအဖွဲ့အား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**

---

❍ **ကျောဖုံးမှအဆက်**

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KNDF ၊အင်းလေး PDF၊ ရှမ်း(တောင်)PDFနှင့် DPLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ မိုးဗြဲ-ဖယ်ခုံမြို့နယ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တို့မှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၆ ဦး ပေါင်း ၂၄ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများအသီးသီးပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်းအရာများအား ဆွေးနွေးပြောကြားသည်။ ယင်းနောက်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများမှ ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၂ လက်၊ ကျည်အိမ် ၃ ခု၊ ကျည် ၄၀ တောင့်တို့အား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မောင်းပြန်ရိုင်ဖယ် ၁ လက်နှုန်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်းဖြင့် ၂ လက်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် အလင်းဝင်ရောက်လာသူအားလုံးအတွက် တစ်ဦးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ၂၄ ဦးအတွက် ဆုကြေးငွေကျပ် ၄၈ သိန်း၊ စုစုပေါင်းငွေကျပ် ၁၄၈ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ ၁ ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်ခင် အောင်ပန်းမြို့နယ်မှာ မိဘတွေနဲ့အတူ နေထိုင်ပြီးတော့ ဒသမတန်းတက်ရောက်နေချိန်မှာ တစ်ရွာတည်းနေ သူငယ်ချင်းက စည်းရုံးခဲ့လို့ DPLA အကြမ်းဖက်အဖွဲ့ထဲကို ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီးဖြစ်တာကြောင့် တိုက်ခိုက်



ရတာမျိုးမရှိဘဲ အဖွဲ့ထဲမှာ ခေါင်းဆောင်ပိုင်းတွေက ခွဲခြားဆက်ဆံတာတွေ အာဏာပြဆဲဆိုတာတွေတော့ရှိပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီးတစ်ဦးဖြစ်တာကြောင့် အဖွဲ့ထဲမှာနေထိုင်ရတာ ဘဝလုံခြုံမှုမရှိပါဘူး။ ခေါင်းဆောင်ပိုင်းများမှာလည်း အာမခံချက်နဲ့ လက်တွေ့လုပ်ဆောင်ချက်မှာ တူညီမှုမရှိဘဲ ခွဲခြားဆက်ဆံမှုတွေလုပ်ဆောင်လာတဲ့အတွက် အဖွဲ့ထဲမှာ နေထိုင်ရတာ အချိန်ကြာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့ပါတယ်။ ကျွန်မအနေနဲ့ ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကို သဘောမကျလို့ တပ်မတော်ထဲ အလင်းဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အလင်းဝင်ချိန်မှာတော့ ဝါဒဖြန့်ပြောထားသလို ရိုက်နှက်တာမျိုး၊ ထောင်ချတာမျိုးတွေမရှိပါဘူး။ ကျွန်မတို့ရောက်ရှိလာတဲ့အချိန်ကျတော့ တပ်မတော်က တာဝန်ရှိသူတွေက သားသမီးတစ်ဦးသဖွယ် နွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ်ဆက်ဆံတဲ့အတွက် လွန်စွာဝမ်းသာကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခုလိုအလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့မိတာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ အခုလိုအလင်းဝင်ရောက်ပြီးတော့ မိသားစုနဲ့အတူ မြို့ရွာတွင်းမှာ အေးအေးချမ်းချမ်းနေထိုင်ပြီး ပညာဆက်လက်သင်ကြားကာ နိုင်ငံနှင့် လူမျိုးအပေါ်အကျိုးပြုနိုင်သူတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်သွားမှာပါ။ အနာဂတ်မျိုးဆက်သစ်လူငယ်များအနေနဲ့ အကြမ်းဖက်အဖွဲ့များ၏ မဟုတ်မမှန် ဝါဒဖြန့်ပြောဆိုစည်းရုံးမှုများကို နားမယောင်ကြစေလိုပဲ ရှေ့ဆက်လမ်းများကို မလျှောက်လှမ်းနိုင်ဖို့ရန် ပညာရေးကိုသာ ပြီးမြောက်အောင်သင်ကြားကာ နိုင်ငံအတွက်အကျိုးပြုနိုင်တဲ့ လူတော်လူကောင်းများဖြစ်အောင် နေထိုင်သွားဖို့အကြံပြုလိုပါတယ်" ဟုပြောသည်။

"DPLA အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်လာတာဖြစ်ပါတယ်။ ကျွန်တော် DPLA အကြမ်းဖက်အဖွဲ့ကို မဝင်ရောက်ခင်အချိန်မှာ မိဘတွေနဲ့အတူ နေထိုင်ပြီး တောင်ယာလုပ်ငန်းလုပ်ကိုင်နေခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ၂ လပိုင်းလောက်မှာ အကြမ်းဖက်အဖွဲ့ဝင်တွေဖြစ်တဲ့ DPLA အကြမ်းဖက်အဖွဲ့တွေက ဖမ်းဆီးလူသစ်စုဆောင်းခဲ့မှုကြောင့် DPLA အကြမ်းဖက်အဖွဲ့ဝင်အဖြစ်ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။ အကြမ်းဖက်သင်တန်းကို သီပေါမြို့နယ်အတွင်းမှာရှိတဲ့ တောတွင်းတစ်နေရာမှာ သင်တန်းတက်ရောက်ခဲ့ရပြီး နောင်ချိုမြို့နယ်ထဲမှာ တပ်မတော်နဲ့ တိုက်ပွဲဖြစ်ပွားနေတဲ့ ရှေ့တန်းတစ်နေရာကို ပို့ဆောင်ခံခဲ့ရတယ်။ TNLA အကြမ်းဖက်အဖွဲ့တွေကလည်း ကျွန်တော်တို့ DPLA အကြမ်းဖက်အဖွဲ့တွေကို လူမျိုးရေးခွဲခြားဆက်ဆံတာ လုပ်တဲ့အပြင် နောင်ချိုမြို့နယ်မှာ တပ်မတော်က အင်အား



အလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့လို့ ကိုယ့်အသက်မသေအောင် ပုန်းအောင်းနေထိုင်ခဲ့ရတယ်၊ အဲ့ဒါကြောင့် အကြမ်းဖက်အဖွဲ့ထဲက ခေါင်းဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကိုမကြိုက်လို့ တပ်မတော်ထံ အလင်းဝင်ရောက်ဖို့ စိတ်ကူးမိခဲ့ပါတယ်။ တပ်မတော်ထံကို အလင်းဝင်ရောက်သွားသူတွေကို သတ်ပစ်တာတွေ ထောင်ထဲပို့တာတွေ လုပ်တယ်လို့ ဝါဒဖြန့်ပြောကြားထားလို့ အလင်းဝင်ဖို့ စိုးရိမ်မိတယ်။ ဒါပေမဲ့လည်း အမှန်တကယ် အလင်းဝင်လာတဲ့အချိန်မှာ သတ်ပစ်တာမျိုး၊ ထောင်ချတာမျိုးတွေ မရှိပါဘူး။ ကျွန်တော်ရောက်ရှိလာတဲ့အချိန်မှာတော့ တပ်မတော်က တာဝန်ရှိသူတွေက နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်။ ကျွန်တော့်အနေနဲ့ အခုလိုအလင်းဝင်ရောက်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့မိတာ မှန်ကန်တယ်လို့ မြင်မိပါတယ်၊ အကြမ်းဖက်အဖွဲ့ထဲက ဓနုလူမျိုးလူငယ်တွေကို တောထဲမှာနေပြီး အကြောင်းမဲ့သေဆုံးရမယ့်အစား၊ မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကို အေးချမ်းစွာဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့လက်တွဲပြီး အလင်းဝင်ရောက်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျာ" ဟုပြောသည်။ (၁၀၀)

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များသင်ကြားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များသင်ကြားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လာမည့်ပညာသင်နှစ်တွင် Grade-12 ၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည်ရေးဆွဲရမည်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင်ရှိသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး အသစ်ပြန်လည်ဖွဲ့စည်းမည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတွင် ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စေမည်ဖြစ်ကြောင်း၊ ယင်းသို့ပြန်လည်ဖွဲ့စည်းရာတွင် ပညာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများသာမက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာများနှင့်ပတ်သက်သည့် ပညာရှင်များကိုပါ ကော်မတီတွင် အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းမည်ဆိုပါက ပိုမိုကောင်းမွန်သည့် သင်ရိုးညွှန်းတမ်းများဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ အလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ထည့်သွင်းသင်ကြားပေးရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လာမည့် ၂၀၂၆ ခုနှစ်ပညာသင်နှစ် ဇွန်လမှစတင်၍ အလယ်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ထည့်သွင်းသင်ကြားပေးနိုင်ရန်၊ သင်ရိုးများအချိန်မီရေးဆွဲရန်၊ သင်ကြားမည့် ဆရာ၊ ဆရာမများနှင့် ဆင့်ပွားသင်တန်းများဆက်လက်ပေးရန်နှင့် သင်ကြားမည့်အချိန်များ သတ်မှတ်နိုင်ရန် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်သင်ကြားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က စက်မှုဘာသာရပ်သင်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်တို့က အလယ်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များသင်ကြားနိုင်ရေး၊ စာမေးပွဲများအောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ တက်ရောက်လာကြသည့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအရ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာခင်ကျင်းပမည့် Grade-12 စာမေးပွဲဖြစ်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးစာမေးပွဲများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ချောမောအောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)ကျင်းပရေးဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်(နေပြည်တော်) ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများသည် Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုပွဲတော်ကို MSME လုပ်ငန်းကော်မတီမှ တာဝန်ခံ၍ နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အေဂျင်စီများနှင့် ပူးပေါင်းချိတ်ဆက်ပြီး အောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေးလျှပ်စစ်သုံးမော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများအပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၆ ခန်းခန့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း။

ပြပွဲနှင့် ဈေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးဗဟိုကော်မတီနှင့် ကဏ္ဍအလိုက် ကျင်းပရေးလုပ်ငန်းကော်မတီ ၁၁ ခုကို ဖွဲ့စည်းထားပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြခန်းများအား အချိန်မီခင်းကျင်းပြသရောင်းချနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၏ MSME ထုတ်ကုန်ပစ္စည်းများကို အချိန်မီခင်းကျင်းပြသနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့်ပစ္စည်းများ၊ ရိုးရာအစားအစာများ ပြတ်လပ်မှုမရှိစေရေးကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ရိုးရာအစားအစာများသည် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ကျင်းပရေးဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှု၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တိုင်းဒေသကြီး/ ပြည်နယ်အေဂျင်စီဥက္ကဋ္ဌများက MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ MSME ဒေသထွက်ကုန်များခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားရေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ MSME လုပ်ငန်းများဆောင်ရွက်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကိုအားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့် အစားထိုးနိုင်ရေးဆောင်ရွက်ရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေးနှင့် အလုပ်အကိုင်ပေါ်များစေရေးဆောင်ရွက်ရန်၊ ဒေသအလိုက် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခုအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့်ညအပူချိန်များ

၂-၂-၂၀၂၆

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# ကြိုးစားကြလေ မောင်တို့မယ်တို့တစ်တွေ

**ကျော်တေဇ(ဥက္ကလာ)**

> ✠✠✠ **လူငယ်များအနေဖြင့် အတတ်ပညာထူးချွန်စေရန် အတန်းပညာကို တတ်မြောက်နိုင်ရမည်။ အတန်းပညာမှတစ်ဆင့် မြင့်မားသည့်အတတ်ပညာကို ဆင့်ပွားကူးပြောင်းသင်ယူတတ်မြောက်နိုင်မည်။ ထိုမှတစ်ဖန် အတန်းပညာ၊ အတတ်ပညာကိုအခြေခံ၍ အသိပညာကောင်းများကိုပိုင်ဆိုင်နိုင်အောင် ကြိုးစားခွင့်ရရှိကြမည်။ ထိုမှသာ အတတ်ပညာ၊ အသိပညာပြည့်ဝပြီး လူတော်လူကောင်းများအဖြစ်ဖြင့် အမိနိုင်ငံတော်ကိုအခွန့်ရှည်တည်တံ့အောင် ကာကွယ်စောင့်ရှောက်နိုင်သည့် မျိုးဆက်များဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ် . . .**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေးသည် အဓိကအခြေခံအချက်ပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များဟုဆိုရာဝယ် အတတ်ပညာသာမက အသိပညာပါပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းစေဖို့ လွန်စွာအရေးကြီးသည်။ ထိုမှသာ မိမိလူမှုအသိုက်အဝန်းနှင့် မိမိနိုင်ငံတော်ကို အတတ်ပညာဖြင့် တည်ဆောက်နိုင်သလို အသိပညာဖြင့် ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်၏။ ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် ပညာအသိ၊ ဉာဏ်သတိနှင့်ပြည့်စုံသောသူများဖြစ်စေရေး မလွဲမသွေကြိုးစားကြရမည်သာဖြစ်သည်။

## ဉာဏ်ပညာကြီးမားသူများထံဆည်းကပ်ပါ

ယနေ့မျိုးဆက်သစ်လူငယ်များကို ဉာဏ်ပညာနှင့်ပြည့်စုံစေချင်သည်။ ဉာဏ်ပညာချို့တဲ့သည်နှင့် ပျက်စီးမှုများနှင့်သာ ကြုံတွေ့ရစမြဲဖြစ်၏။ ယနေ့ခေတ်အခြေအနေများတွင် ဉာဏ်ပညာချို့တဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းချက်များဖြစ်ပေါ်ပြီး မိမိမွေးဖွားရာဇာတိဖြစ်သည့် မြို့၊ ရွာမှအစ အမိနိုင်ငံတော်ကိုစိတ်လိုလက်ရ ဖျက်ဆီးနေကြသလိုဖြစ်နေသည်။

ဉာဏ်ပညာချို့တဲ့မှုအကြောင်းနှင့်စပ်လျဉ်း၍ ဂေါတမမြတ်စွာဘုရားက “ရုက္ခမဓမ္မ”ဇာတ်ကို ဟောတော်မူခဲ့၏။ မြတ်စွာဘုရားရှင်သည် ဘုရားအလောင်းတော်တစ်ဘဝ၌ ရုက္ခစိုးနတ်မင်းဖြစ်တော်မူခဲ့၏။ တစ်နေ့တွင် ဝေဿဝဏ်နတ်မင်းကြီးသည် ဘုမ္မစိုးနတ်အပေါင်းအား သစ်ပင်ကြီး၊ သစ်ပင်ငယ်၊ ချုံနွယ်တို့၌ ဗိမာန်များအား နှစ်သက်ရာအရပ်၌ ယူစေဟုမိန့်ခဲ့၏။ ထိုအခါ ဘုရားအလောင်းရုက္ခစိုးနတ်မင်းသည် ဟိမဝန္တာတောရှိ အင်ကြင်းတောတွင် ဗိမာန်ပြု၍ နေတော်မူလေသည်။ ဆွေမျိုးနတ်အပေါင်းကိုလည်း လွင်ပြင်၌ရှိသောသစ်ပင်များ၌ ဗိမာန်မပြုကြဖို့၊ အင်ကြင်းတောရှိ ၎င်းနေသော ဗိမာန်ကိုသာခြံရံပြီး ဗိမာန်ယူကြဖို့ တိုက်တွန်းလေ၏။

ဘုရားအလောင်းရုက္ခစိုးနတ်မင်း၏စကားအား ပညာရှိနတ်များကနားထောင်ပြီး အင်ကြင်းတောအတွင်း ဗိမာန်ယူကြ၏။ ပညာမရှိသောနတ်များမှာ ရွာ၊ မြို့တို့နှင့်နီးသော လွင်ပြင်များရှိ သစ်ပင်များတွင် ဗိမာန်ယူကြသည်။ ပညာမရှိသောနတ်တို့၏အတွေးမှာ မြို့၊ ရွာများနှင့်နီးစပ်မှသာ လူတို့၏ပူဇော်ခံရမှုများကိုရရှိမည်ဖြစ်ပြီး တော၌နေပါက လူတို့၏ပူဇော်မှုနှင့်ဝေးပြီး လာဘ်လာဘမရနိုင်ဟု တွေးကြခြင်းပင်ဖြစ်သည်။ သည်လိုနှင့်အင်ကြင်းတောကိုအမှီပြု၍ ဗိမာန်ယူကြသောနတ်များနှင့် လွင်ပြင်များရှိ သစ်ပင်များကို ဗိမာန်ယူကြသောနတ်များဟူ၍ နှစ်ပိုင်းကွဲခဲ့လေ၏။ ပညာရှိသူနှင့် ပညာမဲ့သူသည် မည်သို့မျှ ပေါင်းစပ်၍မရ။ ပညာမဲ့သူများကြောင့် စည်းလုံးမှု ပြိုကွဲရခြင်းကို ဤဇာတ်တွင် မျက်ဝါးထင်ထင် တွေ့မြင်ရမည်သာဖြစ်သည်။

သည်နောက် တစ်ရက်တွင် မိုးကြီးလေကြီးကျလာကုန်၏။ ထိုအင်အားပြင်းသော လေစိုင်ကြီးသည် လွင်ပြင်များရှိ သစ်ပင်ကြီးများမှာ အမြစ်မှစ၍လဲကုန်ကြ၏။ အင်ကြင်းတောရှိ သစ်ပင်များကား တစ်ပင်ယှက်တစ်ပင်နွယ်ကဲ့သို့ပမာဖြစ်နေ၍ မလဲပြိုခဲ့ကြပေ။ ထိုအခါ လွင်ပြင်များရှိသစ်ပင်များကို ဗိမာန်ယူခဲ့သော နတ်များသည် နေစရာကိုးကွယ်စရာမရှိ၍ ကလေးများကိုလက်ဆွဲကာ ဘုရားအလောင်းရုက္ခစိုးနတ်မင်းရှိရာ ဟိမဝန္တာရှိ အင်ကြင်းတောဆီသို့ပြန်လာခဲ့ကြလေသည်။ ထိုအခါ ဘုရားအလောင်းနတ်မင်းသည် ပညာရှိတို့စကားကိုမှတ်ယူမှုမရှိကြသူတို့မှာ ဤသို့သောသဘောနှင့်ကြုံရလေ၏ဟု မိန့်တော်မူခဲ့၏။

ဤဇာတ်ကိုပမာပြု၍ ထင်ရှားသည့်အချက်သုံးချက်ကို တွေ့မြင်ရမည်သာဖြစ်သည်။ ပထမအချက်မှာ ပညာ၊ ဒုတိယအချက်မှာ ညီညွတ်မှုအား၊ တတိယအချက်မှာ ပညာရှိတို့၏ဆိုဆုံးမစကားကို နာယူမှတ်သားမှုတို့ပင်ဖြစ်၏။ ယနေ့မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ယနေ့ ဤဇာတ်တော်ကိုသိမြင်ပြီး ပျက်စီးခြင်းအကြောင်းတရားများအပေါ် သင်ခန်းစာယူတတ်ကြဖို့လိုသည်။

## အတတ်ပညာမှသည် အသိပညာသို့

လူငယ်များ၏စိတ်သည် တက်ကြွသည်၊ တုံ့ပြန်မှုမြန်ဆန်သည်၊ စွန့်စားဖန်တီးချင်သော စိတ်ရှိကြသည်။ ၎င်းတို့၏စွန့်စားဖန်တီးလုပ်ကိုင်လိုမှုများသည် တစ်ခါတစ်ရံ ရှေးရိုးရာ၊ မိရိုးဖလာဟူသည့် ရှုထောင့်ကိုပင် ဥပေက္ခာပြုလိုသည့်သဘောကို တွေ့ရတတ်သေး၏။ နည်းပညာတတ်ကျွမ်းမှု၊ နည်းပညာတစ်ခုသင်ကြားရေးတွင် နှောင်းလူကြီးများထက်သာလွန်သည်ကားအမှန်ပင်။ ယနေ့လူငယ်မျိုးဆက်သစ်များတွင် အသိပညာအားနည်းချက်များကို အထင်းသားတွေ့မြင်နေရသည်။

ကနဦးမီးမောင်းထိုးပြရလျှင် ယနေ့အကြမ်းဖက်ဖြစ်စဉ်များကိုကြည့်ပါက တွေ့မြင်နိုင်သည်။ လူငယ်များ၏တက်ကြွမှု၊ စွန့်စားလိုမှုများကို ပြည်တွင်းပြည်ပအဖျက်သမားများက အံဝင်ခွင်ကျအသုံးချသွားနိုင်ခြင်းပင်ဖြစ်သည်။ ယနေ့လူငယ်များ၏အသိပညာအားနည်းချက်ကို သိမ်းသွင်းပြီး အတတ်ပညာတတ်ကျွမ်းမှု၊ အတတ်ပညာသင်ကြားတတ်မြောက်လွယ်ကူနိုင်မှုတို့ကို သိမ်းပိုက်သွားခြင်းပင်ဖြစ်သည်။ ထိုသည်မှာ နိုင်ငံတော်၏ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်သည်။

ဤဆုံးရှုံးမှုကိုသင်ခန်းစာယူ၍ ယနေ့နိုင်ငံတော်သည် လူငယ်များ၏အတတ်ပညာ၊ အသိပညာကဏ္ဍနှင့်ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဦးတည်ချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့မြင်နေရသည်။ **အတတ်ပညာသည် လူတော်ကိုဖြစ်စေသည်၊ အသိပညာကား လူကောင်းကို ဖြစ်စေသည်။** အဖွဲ့အစည်းတစ်ခုချင်းမှသည် နိုင်ငံတော်တစ်ရပ်ဖွံ့ဖြိုးတိုးတက်စေရန် လူတော်၊ လူကောင်းများလိုအပ်သည်။ ထို့အတွက် နိုင်ငံတော်မှ ယနေ့မျိုးဆက်သစ်များအတွက် အတတ်ပညာအတွက် အတန်းပညာတတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ဖန် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးတွင် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းစေရေး စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များကိုပါ တိုးချဲ့ဖွင့်လှစ်၍ အတတ်ပညာကဏ္ဍကို ကြိုးပမ်း အကောင်အထည်ဖော်ပေးလျက်ရှိ၏။ ထို့အတူ လူငယ်အားကစားကဏ္ဍကိုလည်း အားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်။

ဆိုရလျှင် **ယနေ့မျိုးဆက်သစ်လူငယ်များအတွက် အတတ်ပညာသင်ကြားရေးအတွက် အခွင့်အလမ်းများ အနီးဆုံးတွင်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အသိပညာထွန်းကားရေးအတွက်မူ လူငယ်ဖိုရမ်၊ လူငယ်စာပေပွဲတော်၊ ပြည်ပလေ့လာရေးခရီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ် စသည့်အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။** စာရေးသူကိုယ်ပိုင်အတွေးနှင့်ဆိုလျှင် အသိပညာထွန်းကားရေးအတွက် စာဖတ်အားကောင်းသည့် လူငယ်မျိုးဆက်တစ်ခုဖြစ်စေချင်သည်။ အသက်ဝင်သည့် စာပေစကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများကို ဒေသအလိုက် ထိထိရောက်ရောက်ဆောင်ရွက်စေလိုသည်။

ဘာသာရေးကို မြတ်နိုးတန်ဖိုးထားစေခြင်းငှာ ဓမ္မပူဇာပွဲများ ဒေသအလိုက် များများလုပ်စေချင်သည်။ ရပ်ကွက်၊ ကျေးရွာအလိုက် စာကြည့်တိုက်လုပ်ငန်းစဉ်များ လက်တွေ့ကျကျအသက်ဝင်စေလိုသည်၊ နွေရာသီကျောင်းပိတ်ရက်အခါများ၌ လက်တွေ့ဆန်သော ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်စေချင်သည်။ ထို့ကြောင့် **လူငယ်များအနေဖြင့် အတတ်ပညာထူးချွန်စေရန် အတန်းပညာကိုတတ်မြောက်နိုင်ရမည်။ အတန်းပညာမှတစ်ဆင့် မြင့်မားသည့်အတတ်ပညာကို ဆင့်ပွားကူးပြောင်းသင်ယူတတ်မြောက်နိုင်မည်။ ထိုမှတစ်ဖန် အတန်းပညာ၊ အတတ်ပညာကိုအခြေခံ၍ အသိပညာကောင်းများကို ပိုင်ဆိုင်နိုင်အောင် ကြိုးစားခွင့်ရရှိကြမည်။ ထိုမှသာ အတတ်ပညာ၊ အသိပညာပြည့်ဝပြီး လူတော်လူကောင်းများအဖြစ်ဖြင့် အမိနိုင်ငံတော်ကိုအခွန့်ရှည်တည်တံ့အောင် ကာကွယ်စောင့်ရှောက်နိုင်သည့် မျိုးဆက်များဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။**

## လူငယ်များစူးစမ်းသင့်သည့် ပညာများနှင့်ယနေ့ကမ္ဘာ

နိုင်ငံ့အရေး၊ ကမ္ဘာ့အရေးဆိုသည်မှာ ယနေ့လူကြီးများအလုပ်ဟု လူငယ်အများစုက ထင်မှတ်ထားကြသည်။ ဘဝကို ပေါ့ပေါ့ပါးပါးလမ်းလျှောက်နေကြသူအများစုကို တွေ့မြင်နေရသည်။ အချို့လူငယ်များကား အတွေးလွန်ဘဝင်လေဟပ်ပြီး နိုင်ငံရေးနှင့်နိုင်ငံ့အရေးကိုမကွဲပြားဘဲ တော်လှန်ရေးဟူသော ဝေါဟာရအောက်တွင် ပျက်စီးသွားကြရသည်။ နိုင်ငံအတွက် ရင်လေးစရာတစ်ခုပင်ဖြစ်သည်။

ယနေ့ကမ္ဘာသည် ပညာကိုအခြေခံသော ကမ္ဘာကြီးဖြစ်နေပြီ။ နိုင်ငံအလိုက် အချုပ်အခြာအာဏာနှင့် နယ်နိမိတ်ကို ကာကွယ်ရေးလုပ်ငန်းစဉ်သည် မိမိနိုင်ငံစည်းရိုးထဲတွင်မဟုတ်တော့ပေ။ မိတ်ဖက်နိုင်ငံများ၏ စည်းရိုးများထိပါ ကျယ်ကျယ်ပြန့်ပြန့်ကာကွယ်နေကြပေပြီ။ မိတ်ဖက်နိုင်ငံဟုဆိုရာတွင် နယ်နိမိတ်ထိစပ်မှုကိုကျော်လွန်၍ ပင်လယ်၊ သမုဒ္ဒရာများပင် ခြားနားသည်အထိ ကျယ်ပြန့်နေသည်ကိုတွေ့မြင်ရမည်။ ထိုသို့သော ကာကွယ်ရေးလုပ်ငန်းစဉ်များ၌ ပညာကို အဓိကအခြေခံပြီး နည်းပညာသာလွန်မှုကိုအားပြုကာ လွှမ်းမိုးနိုင်မှုအဆုံးအဖြတ်ကို မှတ်ကျောက်တင်နေကြသည်။ ပညာစွမ်းအားသည် နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေးဟူသောကဏ္ဍများတွင် တွင်တွင်ကျယ်ကျယ်နေရာယူခဲ့ပြီဖြစ်သည်။

အတတ်ပညာမြင့်မားသော အချို့နိုင်ငံများပင် အသိပညာအားနည်း၍ အင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကိုခံနေရသည်။ အတတ်ပညာ၊ အသိပညာဖွံ့ဖြိုးမှုကိုမဏ္ဍိုင်ပြု၍ ဩဇာခံအဖြစ် လွှမ်းမိုးချုပ်ကိုင်လာမှုများကို ပြန်လည်တုံ့ပြန်ကာကွယ်နေသည့် နိုင်ငံများကိုလည်း တွေ့ရသည်။ ယနေ့ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် လူငယ်မျိုးဆက်သစ်များအနေဖြင့် မည်သည့်နိုင်ငံမျိုးကို တည်ဆောက်ကြမည်နည်း။ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်၍ ကြိုးပမ်းရမည်သာဖြစ်သည်။

## အတတ်ပညာ၊ အသိပညာနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို စောင့်ရှောက်ကာကွယ်ရေး

ယနေ့နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်တို့ကို ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လည်း ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်မှာ ပြည်သူ့အကျိုးစီးပွားအတွက်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များတွင် ပညာတတ်လူသားအရင်းအမြစ်များ၏ စွမ်းအားသည်အဓိကကျ၏။ အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကိုတည်ဆောက်နိုင်မည်။ အခွန့်ရှည်အောင်တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ယနေ့လုပ်ငန်းခွင်အသီးသီးတွင် တာဝန်ထမ်းဆောင်နေဆဲမျိုးဆက်သစ်များ၊ နောင်ဝယ်တာဝန်ယူထမ်းရွက်မည့် လူငယ်မျိုးဆက်သစ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တစ်ရပ်ကိုပိုင်ဆိုင်လိုလျှင် အတတ်ပညာ၊ အသိပညာပြည့်စုံကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများဖြစ်အောင်ကြိုးစားကြရမည်။ အတတ်ပညာ၊ အသိပညာတို့ပေါင်းစပ်ပြီး မိမိမွေးဖွားကြီးပြင်းရာ အမိနိုင်ငံတော်ကို ကောင်းမွန်စွာစောင့်ရှောက်နိုင်ကြဖို့လိုအပ်ကြောင်း စာပန်းချီခြယ်မှုန်းကာ တိုက်တွန်းလိုက်ရပါသည်။ ။

**ထာဝရငြိမ်းချမ်းကြပါစေ....**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁) ဖွင့်လှစ်





**နေပြည်တော် ဖေဖော်ဝါရီ ၂**

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၁)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်ခုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေရန်အတွက် အစိုးရ၏မူဝါဒများကို ဦးဆောင်အကောင်အထည်ဖော်ရသည့် အဆင့်မြင့်အရာရှိကြီးများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို ရှေးရှု၍ ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့လုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာ စဉ်ဆက်မပြတ်မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်နှင့် လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သော ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့်ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်း များဖြစ်စေရန်ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အရည်အချင်းများပြည့်ဝနေရန် ကြိုးစား၍ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံရေးနှင့် မိမိတို့နိုင်ငံ၏အခြေအနေများကို မျက်ခြည်မပြတ်အမြဲနှိုင်းယှဉ်လေ့လာသုံးသပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် တက္ကသိုလ်ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်ရှိတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြမှုများအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၁)နှင့် အလယ်အလတ်အဆင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၄) တို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီး နှင့်ပြည်နယ်များမှရောက်ရှိလာသည့် ယဉ်ကျေးမှုအဖွဲ့များကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် ယဉ်ကျေးမှုအဖွဲ့များကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်သည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ ၁ ဦး၊ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၁ ဦး၊ စုစုပေါင်း ၃၆ဦး၊ ရခိုင်ပြည်နယ် ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ ၁ဦး၊ အမျိုးသား ၈ ဦး၊ အမျိုးသမီး(၃၁)ဦး၊ စုစုပေါင်း ၄၀၊ ချင်းပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူ ၁ ဦး၊ အမျိုးသား ၂၀၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၆ ဦးတို့ကို အိုးစည်၊ ဒိုးပတ်များနှင့် နွေးနွေးထွေးထွေး လိုက်လှဲစွာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များကို တည်းခိုနေထိုင်မည့် အိပ်ဆောင်များတွင် စနစ်တကျ နေရာချထားပေးခြင်းများ၊ အဖွဲ့လိုက် နံနက်စာ၊ နေ့လယ်စာနှင့် ညစာ ကျွေးမွေးမှုများတွင် လစ်ဟင်းမှုများမရှိစေရေးနှင့်တည်းခိုနေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမီမီချိုထွေးကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၅-၁-၂၀၂၆ရက်ည ၈ နာရီမှ ၁-၂-၂၀၂၆ ရက် ည ၈နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား”အစီအစဉ်မှ **“နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံ ကာကွယ်နေကြသူများရှိသလို သူခိုးဓားရိုးကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ”** ခေါင်းစဉ်ဖြင့် ၄-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်၊ လာမည့်အပတ် ၁၁-၂-၂၀၂၆ ရက်မွန်းလွဲ ၁ နာရီတွင် **“နားယောင်လို့ပဲစွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့စေတနာထားဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ဘဝအတွက် ဌာနေပြန်ဝင်သင့်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်

နေပြည်တော် ဇန်နဝါရီ ၂

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများကို ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ၊နှစ်ရှည်သီးနှံဌာနခွဲ၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲနှင့် သကြားထွက်သီးနှံဌာနခွဲဟူသည့် ဌာနခွဲရှစ်ခုမှ မျိုးစေ့အမျိုးမျိုး၊ သဘာဝမြေသြဇာ/သဘာဝ ပိုးသတ်ဆေးအမျိုးမျိုး၊ နည်းပညာဗဟုသုတများ (နကျယ်မွေးမြူခြင်း၊ ပိုးထောင်ချောက်များ)၊ သီးနှံအမျိုးအစားအလိုက် တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုးနှင့် တန်ဖိုးမြင့်စားသောက်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်း ပြုလုပ်ပုံအဆင့်ဆင့်တို့ကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဦးက ပြောသည်။

“ပြပွဲမှာ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံတဲ့ MSME လုပ်ငန်းတွေအတွက် နည်းပညာရပ်တွေကို ဗီနိုင်းတွေနဲ့ ပြသသွားမှာဖြစ်ပြီး ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေက ထုတ်လုပ်ထားတဲ့ တန်ဖိုးမြင့်စားသောက်ကုန်တွေဖြစ်တဲ့ ဝိုင်၊ ဖျော်ရည်၊ အမှုန့်၊ ဆော့အနှစ်၊ သစ်သီးခြောက်နဲ့ ယိုအမျိုးမျိုး၊ စက်မှုကုန်ကြမ်းနဲ့ လူသုံးကုန်တွေဖြစ်တဲ့ ဝါဂွမ်းကထွက်ရှိတဲ့ ချည်ထည်တွေအပြင် ပိုးစာကနေထုတ်လုပ်တဲ့ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆေးနဲ့ Skin Care ပစ္စည်းတွေ၊ နှစ်ရှည်သီးနှံတွေဖြစ်တဲ့ မက္ကဒေးမီးယားဆီကိုအခြေခံတဲ့ ခေါင်းလျှော်ရည်၊ အလှဆီနဲ့ ပျားရည်၊ ရော်ဘာကုန်ချောပစ္စည်းတွေဖြစ်တဲ့ လက်အိတ်၊ ဖိနပ်၊ အပိုပစ္စည်းနဲ့ ရော်ဘာရွက်ပန်းအလှဆင်ခြင်းတွေ စတဲ့ပစ္စည်းတွေကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ပြပွဲသို့ လာရောက်လေ့လာသူများအတွက် နည်းပညာဗဟုသုတများ ရရှိမည်ဖြစ်ပြီး အချို့ထုတ်ကုန်များအတွက် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် အရည်အသွေးမြှင့်တင်မှု နည်းစနစ်များကိုပါ သိရှိနိုင်မည်ဖြစ်သည့်အပြင် ပြပွဲရှိ တာဝန်ခံပညာရှင်များနှင့် တိုက်ရိုက်ဆွေးနွေးခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက် လိုအပ်သည့် နည်းပညာများကို အလွယ်တကူမေးမြန်းသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက MSME မွေးမြူထုတ်လုပ်မှု နည်းပညာပေးဆိုင်ရာ ပြကွက် ၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစဉ်များပြကွက်၊ MSME မွေးမြူထုတ်လုပ်မှုအတွက်ပြည်တွင်းထုတ် တိရစ္ဆာန်အစာများပြကွက်နှင့် အသား၊ ဥ၊ နို့၊ ပျားထွက်ပစ္စည်းနှင့် ငှက်သိုက်ဆိုင်ရာ တန်ဖိုးမြှင့်ထုတ်ကုန်များပြကွက်တို့ကို ပါဝင်ပြသသွားမည်ဖြစ်သည်။



ထို့ပြင် အသားနှင့် အသားထွက်ပစ္စည်းကုန်ချောများ(အမဲသား၊ကြက်သား၊ဘဲသား စည်သွတ်ဘူးများ)၊ အသင့်စားအသားခြောက်များနှင့် ရောစပ်အသားမုန့်များ (အမဲသား၊ ကြက်သား၊ ဘဲသားစည်သွတ်ဘူးများ)၊ နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီဘူးများ၊ ဒိန်ချဉ်၊ နို့အေးများ၊ ပျားနှင့် ပျားထွက်ပစ္စည်းအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ၊ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးနှင့် ငါးအမိုင်နိုတို့ဖြင့် ပြုလုပ်ထားသော ဇီဝမြေသြဇာအမျိုးမျိုး၊ အသင့်သုံးတိရစ္ဆာန်စပ်စာအမျိုးမျိုး၊ သားရေထည်လူသုံးပစ္စည်းများ၊ ငှက်သိုက်ဆိုင်ရာ အဆောက်အအုံနှင့် ထုတ်ကုန်များ၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ (Battery cage, Weigh machine-mini, AI tool kits)၊ ဥပဒေနှင့် အမိန့်ညွှန်ကြားချက်များ၊ နည်းပညာပေးစာအုပ်၊ စာစောင်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များ စသည့်ပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဌာနအနေနဲ့ ဒေသအသီးသီးက MSME လုပ်ငန်းရှင်တွေအတွက် မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးစတဲ့ ထုတ်ကုန်တွေကို တရားဝင်မှတ်ပုံတင်နိုင်ဖို့အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်း တင်သွင်းရမယ့်လုပ်ငန်းစဉ်တွေကို OSS ရုံးခန်းဖွင့်လှစ်ရှင်းလင်းပြသတာတွေ၊လက်တွေ့ဝန်ဆောင်မှုပေးတာတွေကို ပြခန်းမှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးနည်းပညာရပ်တွေနဲ့ စိုက်ခင်းထွက်သီးနှံတွေကို တန်ဖိုးမြှင့်စားသောက်ကုန်တွေ တစ်နိုင်တစ်ပိုင်စမ်းသပ်ထုတ်လုပ်နိုင်ဖို့ နည်းပညာရပ်တွေကို လေ့လာသိရှိနိုင်မှာဖြစ်ပါတယ်။ လာရောက်ပြသကြမယ့် ဒေသအသီးသီးက မွေးမြူရေးဆိုင်ရာ MSME လုပ်ငန်းရှင်တွေအတွက်လည်း ထုတ်ကုန်တွေအတွက် ပြည်ပတင်ပို့ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်းတင်သွင်းမယ့် လုပ်ငန်းစဉ်တွေကို OSS ရုံးခန်းဖွင့်ပြီး ရှင်းလင်းပြသတာတွေ၊ လက်တွေ့ဝန်ဆောင်မှုပေးတာတွေကို ပြခန်းမှာဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ညွှန်ကြားရေးမှူး ဦးဝင်းဦးက ရှင်းပြသည်။

ယခုနှစ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးအစီအစဉ်အဖြစ် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်ပေးခြင်း၊ ရေဆင်းတွင် တည်ရှိသည့် ရိတ်သိမ်းချိန်လွန်နည်းပညာဌာန(PHRI) မှ ဆောင်ရွက်ထားသည့် MSME အထောက်အကူပြုသုတေသနများဖြစ်သည့် ဝိုင်အမျိုးမျိုး (နာနတ်သီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ ချဉ်ပေါင်ဖူး)၊ ဖျော်ရည်အမျိုးမျိုး (ဆီးသီး၊ စပျစ်သီး၊ နဂါးမောက်သီး၊ ချဉ်ပေါင်ဖူး)၊ အမှုန့်အမျိုးမျိုးပြုလုပ်ပုံ/ပြုလုပ်နည်းများ ပြသပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်လှစ်ပေးခြင်း၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ငှက်သိုက်ထုတ်လုပ်ရန် ဇီဝဗိုးငှက်များကို လှောင်အိမ်ဖြင့်မွေးသည့်စနစ်ကို ပြသခြင်းတို့ကို ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

**အေးအေးသန့်**

---

# ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့(ရန်ကုန်) အခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂

(၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ (ရန်ကုန်) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီနာယက၊ဂုဏ်ထူးဆောင်နာယက၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ နာယက နိုင်ဖေတင်၊ ဂုဏ်ထူးဆောင်နာယက နိုင်သောင်းသျှင်၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ခင်လတ်၊ ပွဲတော်ကျင်းပရေးဒုတိယဥက္ကဋ္ဌ နိုင်ဟန်စိန်တို့က (၇၉)ကြိမ်မြောက်မွန်အမျိုးသားနေ့(ရန်ကုန်) ပွဲတော်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ ဒေါက်တာမင်းခင်စိန်က မွန်စာပေနှင့်ယဉ်ကျေးမှုအကြောင်းအရာများကိုရှင်းလင်းပြောကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ(၂) မိမြအောင်က မွန်ရိုးရာအနုသုခုမအကြောင်းကိုရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် မွန်ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုအားပေးပြီး မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)သို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြဝတီ**

---

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၂၈)သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၈)၏သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ကေတုမတီခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား ၊သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို အောင်မြင်စွာသယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ်နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်စေရေး ရည်ရွယ်လေ့ကျင့်ပေးမည့်သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၈)ကို ဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ ၂၆ ရက်အထိ သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၂၇ ဦး စုစုပေါင်း ၄၉ ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၁၇˚c | / | ၃၂˚c |
| ရန်ကုန် | ၂၁˚c | / | ၃၅˚c |
| မန္တလေး | ၁၆˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Vasilii Sergeevich Osmakov က ဂါရဝပြုလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr.Vasilii Sergeevich Osmakov က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုလာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ၊ သင်တန်းနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ-ရုရှားနှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အား နှစ်နိုင်ငံဒုတိယကာကွယ်ရေးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် Mr.Vasilii Sergeevich Osmakov တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

တွေ့ဆုံပွဲနှင့်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ



# ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂






(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အဆိုပါခန်းမ၌ကျင်းပသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်နှင့် တာဝန်ရှိသူများက နဝရတ်အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် အားကစားခန်းမ၌ လူငယ်လူရွယ်များအနေဖြင့် အားကစားလေ့ကျင့်မှုများ စဉ်ဆက်မပြတ်စေဘဲ အားကစားကဏ္ဍ အသက်ဝင်နေစေရေး အတွက် ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာ့လက်ရွေးစင်အားကစားသမားများစွာကို မွေးထုတ်ပေးနိုင်ပြီး အစဉ်အလာကောင်းသည့် တိုင်းဒေသကြီးတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုမျိုးရရှိခဲ့ခြင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးတစ်ခုလုံး နယ်ပယ်စုံ၊ ကဏ္ဍစုံဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် ယခင်နှစ်များထက် ပိုမိုအောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစား၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ဆက်လက်၍ ဝိုင်းဝန်းပံ့ပိုးထောက်ပံ့ပေးသွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက နဝရတ်အားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အားပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် နဝရတ်အားကစားခန်းမအား တည်ဆောက်သည့် Sun Ahlin Thit Co.,Ltd. မှ တာဝန်ရှိသူက စာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းထံ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(လှိုင်သာယာ)မှဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် သရုပ်ပြအားကစားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် မြန်မာ့သိုင်း၊ အေရိုးဗစ်နှင့် ဝူရှူးအားကစားအဖွဲ့များက အားကစားနည်းများအလိုက် သရုပ်ပြဖျော်ဖြေပြီး မြန်မာ့သိုင်းသရုပ်ပြအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ငွေကျပ်လေးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ သရုပ်ပြအဖွဲ့များကို တစ်ဖွဲ့လျှင် ငွေကျပ်နှစ်သိန်းစီ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီ (ပညာရေးကော်မတီ) ဒေါ်ဇင်နီမြင့် U.T.S ကိုယ်ပိုင်အထက်တန်းကျောင်း ရွှေပြည်သာမြို့နယ်တို့က သရုပ်ပြအဖွဲ့များကို တစ်ဖွဲ့လျှင်ငွေကျပ်တစ်သိန်းစီ ထပ်ဆောင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား/ကျောင်းသူများ၊ အနုပညာရှင်များနှင့်ဒေသခံပြည်သူများက စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

→ **ရှေ့ဖုံးမှအဆက်**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား/ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ပြီး ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား/ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နယ်စပ်ရေးရာဝန်ကြီးဌာန၌ AI နည်းပညာအခြေခံလုပ်ငန်းခွင်အသုံးချမှုသင်တန်းဖွင့်ပွဲ ကျင်းပ






နေပြည်တော် ဖေဖော်ဝါရီ ၂

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ခေတ်စနစ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ လေ့လာတတ်မြောက်စေရန်ရည်ရွယ်၍ AI နည်းပညာအခြေခံလုပ်ငန်းခွင် အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရောဝတီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာနှင့် သင်တန်းနည်းပြများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်ဒစ်ဂျစ်တယ်ပလက်ဖောင်းတွင် Artificial Intelligence(AI) နည်းပညာသည် လူသားများ၏ နေ့စဉ်ဘဝလုပ်ငန်းများတွင် မရှိမဖြစ်နည်းပညာတစ်ခုအဖြစ် ရပ်တည်လာနေပြီဖြစ်ရာ လုပ်ငန်းနယ်ပယ်များတွင် AI နည်းပညာကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာစေသည့် အားသာချက်များစွာရှိပြီး လိုအပ်သောအချက်အလက်များကို မြန်မြန်ဆန်ဆန်စုစည်း၍ စနစ်တကျအသုံးချလျက်ရှိကြောင်း၊ ထို့ပြင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများလျှော့ချပြီး AI နည်းပညာနှင့်အစားထိုး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကဏ္ဍများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် Digital အခြေပြု နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ AI နည်းပညာကိုအသုံးပြု၍ ဝန်ထမ်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများတွင် အတွေးအမြင်၊ အယူအဆများအား မှန်ကန်စွာသုံးသပ်ထည့်သွင်း၍ အကျိုးရှိစွာအသုံးပြုရန်လိုအပ်မည်ဖြစ်ကြောင်း၊ AI နည်းပညာသည် အကျိုးကျေးဇူးများစွာရှိသော်လည်း စိန်ခေါ်မှုများစွာလည်းရှိကြောင်း၊ AI စနစ်အပေါ် မှီခိုမှုများပြားလာပါက လူသားတို့၏ တွေးခေါ်ကြံဆနိုင်မှုစွမ်းရည်များ ကျဆင်းလာနိုင်မည်ဖြစ်သည့်အတွက် အလွန်အမင်းမှီခိုခြင်းမပြုဘဲ အထောက်အကူပြုကိရိယာတစ်ရပ်အဖြစ် သုံးစွဲကြရန် အထူးမှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် AI နည်းပညာကိုလေ့လာသင်ယူပြီး မိမိတို့လုပ်ငန်းခွင်များတွင် လက်တွေ့ပြန်လည်အသုံးချ ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှု၍ တိုးတက်ပြောင်းလဲလာသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်က AI နည်းပညာဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအတွက် ချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## အရည်အသွေးပြည့်မီမှန်ကန်သည့် ရေနံထွက်ပစ္စည်းများအား အများပြည်သူအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်ရန်နှင့် ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန်အတွက် ရေနံချက်စက်ရုံစီမံကိန်းများကို အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စက်သုံးဆီများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရလျက်ရှိရာ တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီရေး၊ ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး၊ ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှုကွင်းဆက် (Supply Chain) အဆင်ပြေချောမွေ့မှုရှိစေရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၆ ရက်တွင်သီလဝါဆိပ်ကမ်းရှိ Apex Terminal သို့ Tanker ဖြင့် ရောက်ရှိလာသည့် ရိုးရိုးဒီဇယ်ဆီ (HSD 500 PPM) အား နမူနာရယူ၍ ဓာတ်ခွဲခန်းတွင် အရည်အသွေး စမ်းသပ်စစ်ဆေးခဲ့ရာ စမ်းသပ်မှုရလဒ်အရ အဆိုပါတင်ဆောင်လာသည့် ရိုးရိုးဒီဇယ်ဆီ(HSD 500 PPM) သည် စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေး ဆီချခွင့်မပြုဘဲ မူလတင်ပို့ရာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ အသုံးပြုလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် စိစစ်ထိန်းကျောင်းကြပ်မတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှတင်သွင်းခြင်းနှင့်ပြည်တွင်းတွင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ဆီချောဆီများ၏ အရည်အသွေးကိုက်ညီမှန်ကန်မှုရှိစေရေးတို့ကိုလည်း ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ



## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၆) အစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ စတုတ္ထသက်တမ်း ဒုတိယ ၆ လပတ်အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာ(မူကြမ်း)အား အတည်ပြုနိုင်ရေးအတွက် ယခုအစည်းအဝေးကိုခေါ်ယူခြင်းဖြစ်ကြောင်း။

ဒုတိယ ၆ လတာကာလအတွင်း ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့်တိုင်ကြားမှုယန္တရားများအသိပညာပေးခြင်းလုပ်ငန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တို့ပူးပေါင်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ ခရိုင် ၄၅ ခုတွင် အသိပညာပေးမှုများဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဇန်နဝါရီလ ၂၂ ရက်တွင် ကျင်းပခဲ့သည့်လုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များကိုတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၅) ဒုတိယ ၆ လပတ်အစီရင်ခံစာ(မူကြမ်း)အပေါ် ပြင်ဆင်လိုသည်များကို ဆွေးနွေးနိုင်ရေးအတွက် အစီရင်ခံစာ(မူကြမ်း)ကိုတင်ပြသည်။

ထို့နောက် ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဒုတိယ ၆ ပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ပြုလုပ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Farmers plant canola and niger on more than 7,000 acres of croplands in Tamu District

TAMU February 2

According to the Tamu District Agriculture Department, local farmers planted more than 7,000 acres of canola and niger as cold season crops in Tamu District of Sagaing Region.

During the 2025-2026 winter cropping season, Tamu District has set a target of cultivating 9,320 acres of canola and niger, according to reports. Planting began in October last year, and as of today, 7,992 acres have already been completed.

"During the winter cropping season in Tamu District, we have planned to cultivate 9,320 acres of canola and niger. As of today, more than 7,000 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. Sesame and mustard are crops that are cultivated every year. Niger and mustard are used both for edible oil and for medicinal purposes," said U Hla Myint, District Head of the Department of Agriculture in Tamu District.

This year in Tamu District, the township-wise completed cultivation areas for canola and niger are 3,326 acres of canola and 75 acres of niger in Myothit Township, 3,483 acres of canola and 125 acres of niger in Tamu Township, and 958 acres of canola and 25 acres of niger in Khampak, totalling 7,992 acres, it is reported.

For the 2025-2026 winter cropping season, the township-wise cultivation targets in Tamu District are 3,000 acres of canola and 130 acres of niger in Myothit Township, 4,870 acres of canola and 220 acres of niger in Tamu Township, and 1,050 acres of canola and 50 acres of niger in Khampak, totalling 9,320 acres, according to reports.

In Tamu District, canola and niger are cultivated on a regular annual basis. Within Sagaing Region, these crops are most commonly grown in Katha and Kawlin areas.

**SK**

# Kalay Township cultivates more than 6,000 acres of sunflower this year



KALAY February 2

Local farmers grew 6,588 aces of sunflower as cold season crops in Kalay Township of Sagaing Region, according to the Township Agriculture Department.

During the 2025–2026 winter cropping season, Kalay Township has set a target of cultivating 48,482 acres of winter sunflower. Planting began in October last year, and as of today, 6,588 acres have already been planted, according to reports.

"During this winter cropping season in Kalay Township, more than 48,000 acres of sunflower were targeted for cultivation, and more than 6,000 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved," said Daw Man Oe, Township Head of the Department of Agriculture in Kalay Township.

In Kalay Township, the Department of Agriculture is intensifying awareness and training programmes to expand sunflower cultivation, and is conducting accelerated training to enhance the capacity of both departmental staff and sunflower-growing farmers, it is reported.

This year, in Kalay Township, arrangements are also being made to support sunflower farmers by supplying seeds, ensuring the sale of urea fertilizer at affordable prices, and distributing harvested sunflower seed varieties through farmer-to-farmer exchange systems.

**SMK**

# Bogale Township sells up to 60,000 viss of crabs to Yangon market



BOGALE February 2

Local merchants from Bogale Township of Ayeyawady Region sent 65,000 viss of crabs to Yangon market within one month, said Daw Ei Ei Htay, the owner of the marine product trading depot in Bogale Township.

Crabs from Bogale Township were exported and sold to the Yangon market, with shipments reaching up to 65,000 viss. It is learned that demand for these crabs remains strong in the Yangon market.

"From Bogale Township, we are exporting and selling seafood products, including crabs, to the Yangon market. In the past month, we were able to export and sell up to 65,000 viss of crabs," said Daw Ei Ei Htay.

Seafood products, including crabs, from Bogale Township are being exported and sold to the Yangon market, where crabs are currently fetching prices ranging from Ks-18,000 to Ks-22,500 per 10 viss. Due to the rising demand for these sea crabs, it is reported that fishermen, traders, and cargo truck rental operators are experiencing improved business conditions.

**SK**

# Bogale Township sells large volume of broken rice to Yangon market

BOGALE February 2

"Local merchants from Bogale Township of Ayeyawady Region sent a large number of bags of broken rice to Yangon market" said Daw Aye Myint, the owner of rice and paddy trading depot in Bogale Township.

From Bogale Township, about 64,000 bags (each 24-pyi) of broken rice were exported and sold to the Yangon market. Broken rice produced in the area is said to be enjoying strong demand from Yangon buyers.

"We mainly export and sell broken rice from Bogale Township to the Yangon market. The broken rice bags are mostly transported and sold by cargo trucks. Demand for broken rice started to rise noticeably from the first week of the month. Rice brokers and traders are continuously exporting and selling. As transportation and sales are going smoothly without any difficulty, traders are satisfied," said Daw Aye Myint.

The broken rice exported and sold from Bogale to Yangon is priced at around Ks-45,000 per 24-pyi bag. Due to the growing demand and improved trade, rice traders, rice depot owners, cargo workers, and truck renters are all enjoying better business conditions.

**SMK**

# Farmers grow more than 1,000 acres of groundnut as cold season crops in Bamauk Township



BAMAUK February 2

Statistics of Katha District Agriculture Department stated that more than 1,000 acres of groundnut has been cultivated in Bamauk Township of Sagaing Region this year.

During the 2025–2026 winter cropping season, authorities in Bamauk Township planned to cultivate 4,237 acres of groundnut. Planting began in October, and as of today, 1,255 acres have been completed.

"For this year's winter season in Bamauk Township, we planned to grow more than 4,000 acres of groundnut. As of today, over 1,000 acres have already been cultivated. We are working to ensure the full targeted acreage is planted. Groundnut cultivation is progressing well and has been successful. As an oilseed crop, its performance has been strong, and groundnut cultivation continues to improve year by year," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

In Bamauk Township, farmers plant about one and a half baskets of seed per acre. The costs involved—including seed, labour, fertilizers, and pesticides—amount to over Ks-200,000 per acre. Farmers report that yields can reach more than 50 baskets per acre.

To ensure successful groundnut production this year, township agriculture staff have been conducting field inspections to prevent pest and disease outbreaks, keep fields free of weeds, and maintain proper crop conditions, while also recording field monitoring data.

**SK**

## More than 1,000 acres of vegetables planted in Thabaung Township

THABAUNG February 2

Local farmers planted 1,094 acres of vegetables in Thabaung Township of Ayeyawady Region this year, said Daw Aye Aye Mu, the head of Pathein District Agriculture Department.

In this year's winter crop season, Thabaung Township earmarked to cultivate 4,579 acres of vegetables. Planting began in the first week of November, and reports indicate that 1,094 acres of mixed vegetables have been planted to date.

"This year, Thabaung Township is cultivating more than 4,500 acres of vegetable crops. So far, over 1,000 acres have already been planted. We are coordinating with the relevant departments to ensure that all winter crops, including vegetables, can be grown without difficulty. Training has also been provided to help farmers respond quickly if pest outbreaks occur. To meet the full planting targets for all winter crops, the Agriculture Department, the Department of Industrial Agriculture, and local farmers are working together," said Daw Aye Aye Mu.

To ensure successful winter crop cultivation in Thabaung Township this year, the Township Agriculture Department has carried out advance activities such as soil preparation guidance, proper seed selection, correct cultivation practices, proper usage of fertilizers and pesticides, and techniques to improve plant vigour and prevent pest damage. Among the vegetables cultivated, the main crops include winged bean, roselle, eggplant, yam bean, coriander, and mustard greens.

**SK**

## Local farmers grow more than 1,200 acres of green gram in Myinmu Township



MYINMU February 2

According to Sagaing District Agriculture Department, local farmers planted 1,288 acres of green gram as cold season crops in Myinmu Township of Sagaing Region.

During the 2025-2026 winter crop season, Myinmu Township planned to cultivate 1,288 acres of green gram. Cultivation began in October last year, and reports confirm that the full target of 1,288 acres has now been planted.

"Myinmu Township planned to grow 1,288 acres of green gram during the winter crop season. As of today, 100 percent of the planned acreage has been planted. We are continuing efforts to ensure the full target is met. There will be awareness activities on expanding cultivation, and farmers will also be guided to use quality, pure seed varieties to achieve good yields," said Daw Myat Moe Win, head of the Sagaing District Agriculture Department.

It is learned that, the Township Agriculture Department has been providing training to green gram farmers on the use of quality and locally suitable seed varieties, seed purity, proper cultivation techniques, pest prevention, systematic fertilizer application, and improving yield performance.

During this winter crop season, the authorities have also been working with farmers on the varieties and inputs required to ensure good yield and quality in pulse cultivation, including guidance on post-harvest handling and related technologies.

**SMK**

## More than 8,000 acres of croplands placed under groundnut plantations

PHAUNGPYIN February 2

Statistics of Mawlaik District Agriculture Department stated that local farmers have planted 8,019 acres of groundnut as cold season crops in Phaungpyin Township of Sagaing Region.

During the 2025-2026 winter crop season, Phaungpyin Township has planned to cultivate 11,516 acres of groundnut. Cultivation began in October last year, and reports indicate that 8,019 acres have been planted to date.

"The township planned to grow more than 11,000 acres of groundnut this winter crop season, and over 8,000 acres have already been planted. We are working to ensure the full target acreage is achieved. Groundnut cultivation is progressing successfully, and as an oilseed crop, it is performing well. Year by year, groundnut production in the township continues to improve," said Daw Kywe Kywe Hlaing, head of the Maukmai District Agriculture Department.

It is learned that farmers in Phaungpyin Township plant one and a half baskets of seed per acre, and the cost per acre including seed, labour charges, fertilizers, and pesticides exceeds Ks-200,000. Yields average more than 50 baskets per acre.

This year, staff members from the Township Agriculture Department have been conducting field inspections to support successful groundnut cultivation, prevent pest and disease outbreaks, and ensure fields are kept clear of weeds. They are also maintaining monitoring records as part of these field visits. **SK**

# 14 people die in cold snap in New York City

NEW YORK February 2

Fourteen people have died outdoors as a cold snap gripped New York City for the past week, Mayor Zohran Mamdani confirmed on Sunday.

Preliminary findings revealed that hypothermia played a role in the deaths of eight people, local media reported.

A huge winter storm brought record amounts of snow on January 25, making roads and sidewalks a slushy mess.

So far, 67 million pounds of snow have melted, and 188 million pounds of salt have been used to clear the snow, said Mamdani.

New measures were also adopted to help the homeless cope with the freezing temperatures. New single-room shelter units will be open for the homeless, while warming shelters also remain open to any people across New York City's five boroughs. There are 20 warming buses parked across the city.

**Xinhua**



# Iran, United States may start negotiations in coming days - reports

MOSCOW February 2

Iran and the United States may start negotiations in the coming days, Iranian Foreign Minister Abbas Araghchi and US special envoy Steve Witkoff may act as negotiators, the Tasnim news agency reported on Monday, citing a source.

The exact location and time of the negotiations have not yet been determined, the news agency added.

Earlier on Monday, Iran's foreign ministry spokesman Esmaeil Baqaei said that Tehran has been carefully evaluating the framework for potential negotiations with the US, focusing on lifting sanctions and safeguarding national interests. **Sputnik**

# Ukraine's entry into EU would be its 'collapse' - Serbia's Former Deputy PM

KIEV February 2

"The collapse of the EU, the long-term collapse, began long ago, but it will become palpable on January 1, 2027, when Ukraine joins the EU... Because this shows that all those reforms and the speeches of politicians - they are the most ordinary lies, not even concealed," former Serbian Deputy Prime Minister Aleksandar Vulin tells Sputnik.

In his opinion, once Ukraine joins the EU, the bloc will never be the same, especially for opposing member states like Hungary, Slovakia, and the Czech Republic.

The current US-EU conflict is "the new reality we must get used to and accept," he says, adding that there is a "Berlin Wall" in the EU again.

**Sputnik**

# France wants EU to talk to Russia

MOSCOW February 2

The European Union needs a direct channel of communication with Russia, French Foreign Minister Jean-Noel Barrot has said. The bloc has refused to communicate with Moscow for four years, folllowing the escalation of the Ukraine conflict.

The remarks echo growing concern among EU members that their influence has been reduced by US President Donald Trump, who for months has sought to broker an end to the Ukraine conflict through direct talks with both Kiev and Moscow. French President Emmanuel Macron and Italian Prime Minister Giorgia Meloni have called on the EU to appoint a special envoy to Russia to ensure the bloc has a seat at the table.

In an interview with Liberation published on Sunday, Barrot said France had "never ruled out, in principle, engaging with Russia," provided such talks were conducted transparently with Ukraine and the EU and were "beneficial."

"The Europeans, who are now Ukraine's main financial and military backers, must have a channel to assert their interests, without delegating responsibility to anyone else," he said.

In December, Macron urged Europe to reopen talks with Russian President Vladimir Putin to help resolve the Ukraine conflict, warning that otherwise negotiations could proceed without European involvement. Kremlin spokesman Dmitry Peskov responded that Putin was open to dialogue with Macron if there was "mutual political will." Any potential conversation, however, should not be used by one side "to read lectures" to the other and must serve a clear purpose, he said.

The Russian and French leaders last had a phone call in July. The conversation was their first direct contact since early 2022, when the Ukraine conflict escalated.

EU foreign policy chief Kaja Kallas, however, has ruled out any direct talks with Moscow, saying last month the bloc has nothing to "offer" Russia and will instead rely on "more pressure" over negotiations. She dismissed reopening diplomatic channels, arguing that US concessions to Ukraine are already significant and the EU has no leverage to entice Moscow.

Meanwhile, Russian officials have repeatedly stated they are open to good-faith negotiations, provided the West respects Russia's security concerns and abandons the goal of inflicting a strategic defeat through Ukraine.

**RT**



# Death toll in Indonesian landslide reaches 80 after 10 days of search

JAKARTA February 2

The search for victims of a landslide in Indonesia's West Java province continued on Monday, with the number of recovered bodies reaching 80, local media Kompas.com reported.

The news website quoted Ade Dian Permana, head of the Bandung Search and Rescue Office, as saying that by 11:45 am local time Monday, all recovered bodies had been evacuated.

The landslide struck the Cisarua area in West Bandung regency on January 24, affecting 158 people, displacing 564 individuals from 164 families, and damaging 48 homes.

Indonesia is prone to floods and landslides during the rainy season, which typically runs from October to March.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# New Nipah virus warning as countries ramp up screening measures ahead of Chinese New Year passenger surge

Experts have warned that millions of people travelling to and from Asia for Chinese New Year could potentially trigger a spike in Nipah virus cases.

India has so far confirmed two cases of Nipah virus, a rare disease that can be caught from contact with an infected person or by consuming food or drink contaminated with the faeces, urine or saliva of infected fruit bats.

Lunar New Year sparks the world's largest annual travel migration with millions of people travelling to and from Asia.

The 40-day Lunar New Year travel season, known as chunyun, begins on February 2 this year and runs until March 13, involving billions of passenger journeys across the China.

The China State Railway Group is anticipating a record 539 million rail passenger journeys between this period, a five percent year-on-year increase.

Several countries have implemented screening measures in people arriving at airports, while others are tightening the ones they already have in place after the potentially deadly bat-borne virus was detected in humans.

On Thursday, Pakistan became the latest country to order enhanced screening of people entering the country to look for signs of Nipah virus.

Thailand, Singapore, Hong Kong, Malaysia, Indonesia and Vietnam have all also implemented enhanced screening procedures at airports, and the UK has warned travellers about taking precautions when travelling to West Bengal, the region of the outbreak.

Though public health experts note the risk of widespread transmission remains low, Chinese social media is reporting growing concern about the deadly infection in the country.

Travel during the Lunar New Year in 2020 potentiated the spread of COVID-19.

Dr Katherine O'Reilly, regional medical director of the security and health services company, International SOS told the Daily Mail: 'The Spring Festival (Lunar New Year) period is expected to drive significant travel activity both within China and across Asia.

Increased travel naturally raises exposure to potentially infected individuals, particularly with respiratory illnesses, as crowded transport hubs and close contact can facilitate the spread of viruses.




China and several Asian countries have strengthened airport health screening measures after India confirmed two Nipah virus cases in West Bengal, introducing preventive steps such as thermal checks, health declarations, passenger monitoring, awareness campaigns and enhanced border surveillance.

So far, all identified contacts linked to the two Nipah cases in India have tested negative and no cases have been reported outside the city of Barasat in West Bengal.

Current assessments indicate that Nipah is unlikely to spread to other countries; the outbreak remains limited to one area, and health authorities across Asia have strong screening protocols in place to prevent imported infections.

However, during periods of heavy travel, it is important to take general precautions to protect yourself against respiratory viruses such as colds, influenza, COVID 19, and RSV.

'These include washing your hands regularly, maintaining good hygiene, and keeping distance from people who are visibly unwell.'

Cvete Koneska, global security director at International SOS, said: 'As the Lunar New Year ushers in the world's largest annual human migration, the travel risk environment becomes uniquely challenging for organisations.'

She warns of 'exceptionally high travel volumes, extensive cross-regional movement and crowded transport hubs'.

It comes as UK health chiefs have warned that Nipah virus could kill up to 75 percent of people infected.

The virus is a rare but serious infectious disease carried by bats that can infect both pigs and humans, in some cases causing irreversible brain damage.

The UK Health Security Agency (UKHSA) has issued new guidance amid pandemic fears, stating: 'While the risk to most people remains very low, understanding the virus is important if you are planning to travel to areas where it circulates.'

Officials are watching the virus closely, as while there have not yet been any cases identified in the UK, there is no vaccine or treatment for the infection.

It is currently estimated that between 40 and 75 percent of people infected with the virus will die, with others being left with lasting neurological difficulties, including persistent seizures and personality changes.

In rare cases, the virus can lie dormant and reactivate months or years after the initial infection, health officials added.

Because of this, Nipah virus was labelled a 'high priority pathogen' in March last year, which 'urgently needs investment in developing tests, treatments and vaccines'.

Most infections result from consuming fruits or fruit juices - specifically fermented date palm juice - contaminated with the faeces, urine or saliva of infected fruit bats.

The infection can then be spread from person to person through close contact and bodily fluids, which triggered the current outbreak in West Bengal.

For those travelling to endemic areas, including Bangladesh and India, prevention primarily focuses on avoiding contact with bats and taking extra precautions when preparing food.

All fruit should be washed thoroughly with clean water and peeled before eating. Fruit found on the ground should be avoided due to contamination risk.

Prof Paul Hunter, a professor in medicine at the University of East Anglia and virus expert, said that the chances of it spreading are low, but we shouldn't be complacent.

He said: 'The infection usually spreads from animals to humans either through direct contact or consumption of contaminated food.

The primary source of infection is bats and people have been infected from consumption of fruit or fruit products - such as raw date palm juice - contaminated with urine or saliva from infected fruit bats.

However, the first outbreak was associated with contact with infected pigs. Those pigs probably got infected by bats.

Person-to-person spread does occur, but less commonly. Though the spread from infected patients to their health professionals is a particular concern.

'Although Nipah is a very serious infection, it is unlikely to pose a significant risk of global spread as the risk of person-to-person transmission is low.

'Nevertheless, we cannot be complacent as we have seen recently, some virus can mutate to increased infectivity. Also, the long incubation period makes detection at borders very difficult.'

Health chiefs advise all travellers against consuming raw or partially fermented date palm sap, which poses one of the biggest risks and to avoid close contact with anyone infected.

Nipah usually begins with the sudden onset of flu-like symptoms, including fever, headache, muscle aches, vomiting and a sore throat.

In some people, this can trigger encephalitis - inflammation of the brain - or meningitis, which typically develops three to 21 days after the initial illness begins and can be fatal without intensive supportive care.

The latest outbreak in India's West Bengal region has prompted some countries to roll out Covid-era airport screenings to stop it from spreading.

**Mail Online**

# ၂၄ မိနစ်အတွင်း စိုးရိမ်ပူပန်မှုကိုလျှော့ချနိုင်မယ့် နည်းလမ်းကို ပညာရှင်များတွေ့ရှိ




အထူးဖန်တီးထားတဲ့ တေးဂီတကို ၂၄ မိနစ်ကြာ နားထောင်ပေးရုံနဲ့ စိုးရိမ်ပူပန်မှု အဆင့်ကို သိသိသာသာ လျှော့ချနိုင်တယ်လို့ လက်တွေ့စမ်းသပ်မှုအသစ်တစ်ခုမှာ တွေ့ရှိရပါတယ်။ တိုရွန်တို မက်ထရိုပိုလီတန်တက္ကသိုလ် (TMU) မှ ပညာရှင်တွေနဲ့ LUCID ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့ ဒီလေ့လာမှုအရ အသံလှိုင်းနှိုးဆွမှုစနစ်ပါရှိတဲ့ တေးဂီတဟာ ဆေးဝါးသောက်စရာမလိုဘဲ နေ့စဉ်ဘဝမှာ စိုးရိမ်ပူပန်မှုကို ထိန်းချုပ်နိုင်မယ့် နည်းလမ်းကောင်းတစ်ခု ဖြစ်လာတယ်လို့တွေ့ရှိရပါတယ်။

ဒီစမ်းသပ်မှုမှာ စိုးရိမ်ပူပန်မှုဝေဒနာ ခံစားနေရသူ ၁၄၄ ဦးကို အုပ်စုခွဲပြီး စမ်းသပ်ခဲ့တာပါ။ အဲဒီမှာအထူးပြုလုပ်ထားတဲ့ တေးဂီတကို ၂၄ မိနစ်ကြာ နားထောင်တဲ့ အုပ်စုဟာ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုတွေအပြင် စိတ်မကြည်လင်တာတွေကိုပါ အထိရောက်ဆုံး လျှော့ချနိုင်တာကို တွေ့ရပါတယ်။

TMU မှ စိတ်ပညာပါမောက္ခဖရန့်ရက်ဆိုကတော့ "၂၄ မိနစ်ဆိုတာ အသင့်လျော်ဆုံးအချိန်ပါပဲ။ ဒါဟာ စိတ်ပူပန်မှုကို သိသိသာသာ ပြောင်းလဲပေးနိုင်သလို အချိန်အများကြီးလည်း ပေးစရာမလိုဘူး" လို့ ပြောပါတယ်။ ဆေးဝါးတွေနဲ့ ကုထုံးတွေဟာ ဘေးထွက်ဆိုးကျိုးနဲ့ ကုန်ကျစရိတ်တွေ ရှိတတ်တာကြောင့် အခုလိုဂီတအခြေခံတဲ့ ဒစ်ဂျစ်တယ်ကုထုံးဟာ စရိတ်သက်သာတဲ့အပြင် အလွယ်တကူ အသုံးပြုနိုင်မယ့် အစားထိုးနည်းလမ်းတစ်ခုဖြစ်လာမှာပါ။ **Ref: IE**

**ကိုထက်**

# တိုက်ခိုက်ရေးစွမ်းရည်ကိုမြှင့်တင်ပေးမယ့် အဝေးပစ်တိကျတိုက်ခိုက်ရေး Red Wolf ယာဉ်များ



အမေရိကန်မရိန်းတပ်ဖွဲ့ရဲ့ တိကျတိုက်ခိုက်ရေးလက်နက်စနစ် အစီအစဉ်အတွက် Red Wolf လို့ခေါ်တဲ့ ယာဉ်တွေကို ထုတ်လုပ်စမ်းသပ်ဖို့ L3Harris နည်းပညာကုမ္ပဏီကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သိရပါတယ်။ ဒီ Red Wolf စနစ်ဟာ ခေတ်သစ်စစ်ပွဲမှာ လိုအပ်နေတဲ့ အဝေးပစ် တိကျတိုက်ခိုက်နိုင်စွမ်းကို ဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။

အခုနောက်ပိုင်းစစ်ပွဲတွေမှာ ဒရုန်းတွေကို အလုံးအရင်းနဲ့ သုံးလာကြတာကြောင့် ကုန်ကျစရိတ်ကြီးမားတဲ့ လက်နက်ကြီးတွေနေရာမှာ စရိတ်သက်သာပြီး ထိရောက်တဲ့ အစားထိုးလက်နက်တွေ လိုအပ်နေတာပါ။ Red Wolf ဟာ ဝေဟင်၊ မြေပြင်နဲ့ ရေပြင်ပလက်ဖောင်းအမျိုးမျိုးကနေ အလွယ်တကူ ပစ်လွှတ်နိုင်ပြီး ရန်သူကို အဝေးကနေ အုပ်စုလိုက် ပူးပေါင်းတိုက်ခိုက်နိုင်တဲ့စွမ်းရည်ရှိပါတယ်။

L3Harris ကုမ္ပဏီရဲ့ အဆိုအရ Red Wolf ဟာ ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်ရုံတင်မကဘဲ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ပစ်မှတ်ခြေရာခံခြင်းနဲ့ ဆက်သွယ်ရေးကဏ္ဍတွေမှာပါ အသုံးပြုနိုင်တယ်လို့ဆိုပါတယ်။ လက်ရှိမှာတော့ ဒီစနစ်ကို အမေရိကန်မရိန်းတပ်ဖွဲ့ရဲ့ AH–1Z Viper ရဟတ်ယာဉ်ကနေ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီဖြစ်လို့ နောင်တစ်ချိန်အတွက် အလားအလာကောင်းတွေရှိနေပါတယ်။ **Ref: IE**

**ကိုထက်**

# တရုတ်ရဲ့ဖျက်သင်္ဘောက အီလက်ထရွန်နစ်နည်းပညာသုံးပြီး ပြည်ပစစ်လေယာဉ်တွေကို သတိပေးမောင်းထုတ်



တရုတ်ရေတပ်ရဲ့ အဆင့်အမြင့်ဆုံး Type 055 ဒုံးကျည်တင် ဖျက်သင်္ဘောယာနန်က ထိုင်ဝမ်ကျွန်းအနီးမှာလှုပ်ရှားနေတဲ့ ပြည်ပစစ်လေယာဉ်တွေကို အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းလမ်းတွေသုံးပြီး သတိပေးမောင်းထုတ်ခဲ့တယ်လို့ တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုက ထုတ်လွှင့်ပြသလိုက်ပါတယ်။

ဒါဟာ တရုတ်ရေတပ်အနေနဲ့ သူတို့ရဲ့ အီလက်ထရွန်နစ် စစ်ဆင်ရေးစွမ်းရည်ကို ထိုင်ဝမ်ရေလက်ကြားမှာ အသုံးပြုလိုက်ပုံနဲ့ပတ်သက်ပြီး ပထမဆုံးအကြိမ်အဖြစ် အသေးစိတ်ထုတ်ဖော်ပြသလိုက်တာလည်း ဖြစ်ပါတယ်။

ပြည်ပလေယာဉ်တွေ ချဉ်းကပ်လာတာကိုသိတာနဲ့တစ်ပြိုင်နက် ယာနန်သင်္ဘောက သူတို့ရဲ့ ရေဒါစနစ်ကို စွမ်းအားမြင့်ပုံစံဆီ ပြောင်းလိုက်ပြီး ပိုဝေးဝေးရှာဖွေနိုင်အောင် လုပ်ပါတယ်။ ပြီးတဲ့အခါ ရှန်တုန်းလေယာဉ်တင်သင်္ဘောမှ လေယာဉ်သုံးစင်းက လာရောက်စစ်ဆေး အတည်ပြုပြီးတဲ့နောက် ယာနန်ဖျက်သင်္ဘောက ရေဒီယိုလှိုင်းတွေကို နှောင့်ယှက်နိုင်တဲ့ အီလက်ထရွန်နစ်လှိုင်းနှုန်းဖျက်ဒုံးကျည်လေးစင်း ပစ်လွှတ်ပြီးသတိပေးခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ဒေတာစင်တာများရဲ့အပူချိန်ကို စက္ကန့်ပိုင်းအတွင်း အေးခဲပေးနိုင်မည့် နည်းပညာအသစ်

တရုတ်သုတေသနပညာရှင်တွေဟာ ဒေတာစင်တာတွေမှာသုံးတဲ့ အအေးပေးအရည်တွေကို စက္ကန့် ၃၀ မပြည့်ခင်မှာတင် အနုတ်အဆင့်ထိ ရောက်သွားအောင် လုပ်နိုင်တဲ့ နည်းပညာသစ်တစ်ခုကို ဖော်ထုတ်လိုက်ပါတယ်။

ဒီနည်းလမ်းဟာ ထူးထူးခြားခြားအအေးပေးအရည်အသစ်တွေကို သုံးတာမဟုတ်ဘဲ ရေထဲမှာရှိတဲ့ ဆားရဲ့ သဘောသဘာဝကို ဖိအားနဲ့ထိန်းချုပ်ပြီး အအေးပေးတာဖြစ်ပါတယ်။ ဒီစနစ်မှာ Ammonium Thiocyanate လို့ခေါ်တဲ့ ဆားတစ်မျိုးကိုအအေးပေးအရည်ထဲမှာ ဖိအားပေးပြီး အများအပြား ပျော်ဝင်စေပါတယ်။ အဲဒီနောက် ပေးထားတဲ့ဖိအားကို ရုတ်တရက်ပြန်လျှော့ချလိုက်တဲ့အခါမှာ အဲဒီဆားတွေက ပတ်ဝန်းကျင်မှာရှိတဲ့ အပူတွေကို အလုံးအရင်းနဲ့ စုပ်ယူတဲ့အတွက် စက္ကန့်ပိုင်းအတွင်းမှာတင် အပူချိန်တွေ သိသိသာသာထိုးကျသွားတာပါ။

ဒါဟာ အထူးသဖြင့် AI လုပ်ငန်းစဉ်တွေကြောင့် အပူချိန် ရုတ်တရက်အဆမတန်တက်လာတတ်တဲ့ AI ဒေတာစင်တာတွေအတွက် အလွန်အသုံးဝင်မယ့် နည်းလမ်းဖြစ်ပါတယ်။ ပုံမှန်သုံးနေကျပန်ကာတွေ ဒါမှမဟုတ် အအေးပေးစနစ်တွေလို များပြားလှတဲ့စွမ်းအင်တွေကို အမြဲတမ်းများပြားစွာ သုံးနေဖို့မလိုဘဲ အပူချိန် ရုတ်တရက်တက်လာတဲ့အချိန်မျိုးမှာတင် အအေးခာတ်ကို ချက်ချင်းရရှိစေပါတယ်။ လက်ရှိမှာတော့ ဒါဟာစမ်းသပ်ဆဲအဆင့်ပဲရှိသေးတယ်လို့ ဆိုပါတယ်။ **Ref: IE**

**ကိုထက်**



# အမေရိကန်က တစ်နှစ်လျှင် THAAD ဒုံးခွင်းဒုံး အစင်းရေ ၄၀၀ အထိ ထုတ်လုပ်ရန်ပြင်ဆင်



အမေရိကန်က THAAD ဒုံးကျည်ကာကွယ်ရေးစနစ်မှာအသုံးပြုတဲ့ ဒုံးခွင်းဒုံးတွေကို အရှိန်အဟုန်နဲ့ တိုးမြှင့်ထုတ်လုပ်သွားဖို့ လော့ဟိဒ်မာတင်ကုမ္ပဏီနဲ့ သဘောတူညီလိုက်ပါတယ်။ ဒီသဘောတူညီချက်အရ တစ်နှစ်ကို ဒုံးခွင်းဒုံးအစင်းရေ ၉၆ စင်းပဲ ထုတ်လုပ်ရာကနေ အစင်းရေ ၄၀၀ အထိ လေးဆလောက် တိုးမြှင့်ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

THAAD စနစ်ဟာ တာတို၊ တာလတ်နဲ့ တာဝေးပစ်ဒုံးကျည်တွေကို ကမ္ဘာ့လေထုအပြင်ဘက်နဲ့အတွင်းပိုင်း နှစ်နေရာစလုံးမှာ ကြားဖြတ်ဟန့်တားနိုင်တဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပါတယ်။

အခုလို ဒုံးခွင်းဒုံးတွေထုတ်လုပ်မှုကို တိုးမြှင့်လိုက်တာဟာ ရန်သူတွေကို ဟန့်တားဖို့အတွက် အရင်ကထက်ပိုပြီး အဆင်သင့်ဖြစ်နေစေမယ်လို့ ကုမ္ပဏီမှတာဝန်ရှိသူကပြောပါတယ်။

ဒါ့အပြင် အဆင့်မြင့်စက်ရုပ်နည်းပညာတွေသုံးပြီး ဒုံးခွင်းဒုံးတွေထုတ်လုပ်မယ့် စက်ရုံအသစ်တစ်ခုကိုလည်း အာကန်ဆက်ပြည်နယ်မှာ တည်ဆောက်သွားဦးမှာပါ။ လက်ရှိမှာတော့ ဒီစနစ်ဟာ ပေါ်ပေါက်လာမယ့်ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နိုင်ဖို့ နည်းပညာပိုင်းဆိုင်ရာမှာ ရှေ့ပြေးပုံစံတစ်ခုလို အစဉ်တစိုက် အဆင့်မြှင့်တင်မှုတွေ လုပ်နေတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# တာချီလိတ်နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ဝင်များ လာရောက်လေ့လာ



တာချီလိတ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း မြန်မာ-ထိုင်း-လာအို နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များက လာရောက်လေ့လာကြသည်။

ရှေးဦးစွာ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များသည် တာချီလိတ်မြို့ တာလေ့ဈေးနှင့် ရွှေနန်းတော်ကုန်တိုက်တို့၌ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတားတွင် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ကူးသန်းသွားလာမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားတွင် နှစ်နိုင်ငံကုန်စည်စီးဆင်းသွားလာမှုအခြေအနေများကိုလည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်အဖွဲ့ဝင်များက တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း) အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းဇော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့် တာချီလိတ်ကုန်သွယ်ရေးစခန်း OSS အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ နယ်စပ်ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ သာသနာ့နယ်မြေရှိ ဗုဒ္ဓဂါယာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး မဲခေါင်အပြည်ပြည်ဆိုင်ရာမြစ်တွင်း ဆိပ်ကမ်း (ဝမ်ပုံ)သို့သွားရောက်လေ့လာကြရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းစိုးနှင့် တာဝန်ရှိသူများက ဆိပ်ကမ်းတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**မြင့်မိုရ်၊ လင်းထက်(တာချီလိတ်)**

# (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိုင်းယောင်း ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီလ ၂ ရက် နံနက်ပိုင်းတွင် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃)က စာစီစာကုံးပြိုင်ပွဲကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးက "ပြည်ထောင်စုကြီး တိုးတက်ဖို့ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်းသိရသည်။

**နန်းစီဖောင်း(ပြန်/ဆက်)**




# နားမွန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မိုင်းဖြတ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ပြည်ထောင်စု(အထွေထွေပိုလျှံ)ရန်ပုံငွေဖြင့် နားမွန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နားမွန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်အမာလွင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ နားမွန်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေ ရှိအုတ်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု(အထွေထွေပိုလျှံ)ရန်ပုံငွေကျပ်သိန်း ၃၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်အိုးစည်**

# မိုင်းတုံမြို့နယ် ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

မိုင်းတုံ ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီလ ၂ ရက်တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟွေပါလှိုင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဟွေပါလှိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၉ ဦးကို (၁၂)ကြိမ်မြောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၅ သိန်းထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကျင်းပ

မိုင်းဖြတ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်အကြိုဟောပြောပွဲကို ဖေဖော်ဝါရီလ ၂ရက် နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးဝင်းခိုင်က သမိုင်းဝင်နေ့ထူးနေ့မြတ်များအကြောင်းသိကောင်းစရာများ၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သမိုင်းဝင်နေ့ထူးနေ့မြတ်များကို ထိန်းသိမ်းစောင့်ရှောက်သင့်ပုံများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်)ရှိ ကျောင်းသား၊ ကျောင်းသူများကို ဖြန့်ဝေပေးကြောင်း သိရသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

ဒေါက်တာဖြူဖြူသင်း၊ ပါမောက္ခ(ဌာနမှူး)၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမည့် ကျောင်းသား ကျောင်းသူတွေ အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit (၁၂)ခုပါရှိပြီး Unit (၃) ခုပြီးတိုင်းပြီးခဲ့တဲ့ Unit များနဲ့ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်းပါရှိပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ်မေးမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေအများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ Complete the sentences with the appropriate words. The initial letters are given. ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကိုအခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့ စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

In some areas, hydroelectric dams use the energy of flowing water to g---------- electricity. လို့ ပေးထားရင် သင့်လျော်တဲ့ စကားလုံးဖြစ်တဲ့ generate ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ မေးခွန်းနံပါတ် ၂ ကတော့ Choose the appropriate words or phrases to complete the sentences. ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

For many people these days, a mobile phone is no longer a luxury but a ----------. ဆိုတဲ့မေးခွန်းမှာ

(A) need (B) necessity (C) demand

လို့ ပေးထားရင် အဖြေမှန်ဟာ (B) necessity ဖြစ်ရပါမယ်။ နောက်ဥပမာတစ်ခုဖြစ်တဲ့

Coffee was one thing that ---------- me get through the morning.

(A) let (B) felt (C) helped

လို့ ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်တဲ့အဖြေဟာ (C) helped ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါကို မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ၊ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets. လို့ မေးထားတယ်။ ဝါကျ(၁၀)ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10, Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဥပမာ –

Thu Thu didn't go to the get-together party because she had to work late. (Use the zero/ first/ second/ third conditional.) လို့ မေးလာခဲ့ရင်

If Thu Thu had not had to work late, she would have gone to the get-together party./

**သို့မဟုတ်**

Thu Thu would have gone to the get-together party if she had not had to work late. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေဆိုရာမှာ Subordinate clause ဖြစ်တဲ့ If clause ကို ရှေ့ကထားရေးမယ်ဆိုရင် ',' ကို မဖြစ်မနေထည့်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် IV မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV (A) ကတော့ Write the appropriate words or groups of words to complete the lines of verse. လို့ မေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

And looked down one as far as I could

To where it bent in ----------;

လို့ မေးရင် the undergrowth လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။

IV (B) ကတော့ Answer the questions in complete sentences. ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာဖြစ်ပါတယ်။

ဥပမာ –

Why are diet and nutrition considered the most fundamental human needs? လို့မေးရင်

Diet and nutrition are considered the most fundamental human needs because they are essential for our health, energy and growth.လို့ ပြန်ဖြေပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

Yet knowing how way leads on to way,

I doubted if I should ever come back.

လို့ ကဗျာထဲက စာကြောင်း နှစ်ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာ နှစ်ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။ V (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "As a result, the amount of carbon dioxide ($CO_2$) in the atmosphere is increasing dramatically." လို့ပေးထားပြီး "We may have a --------- in the amount of atmospheric carbon dioxide if we continue to use fossil fuel." လို့ မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့ မရပါဘူး။ စာပိုဒ်ထဲက is increasing dramatically" ဟာ verb phrase ဖြစ်နေပြီး မေးထားတဲ့ဝါကျမှာ ဖြေရမယ့်အဖြေဟာ noun phrase ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ dramatic increase ဖြစ်ပါတယ်။

V (B) ကတော့ "Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့ လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "… the Earth is running out of fossil fuels, which means that there is a need for alternative sources of energy for use on a wide scale." လို့ပေးထားပြီး Why do we need alternative sources of energy for our day-to-day life? လို့မေးထားရင် အဖြေက " We need alternative sources of energy for our day-to-day life because the Earth is running out of fossil fuels." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်၊ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်း နံပါတ် ၆ ကတော့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်များပါတဲ့ unseen reading passage ကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကိုအခြေခံပြီး မေးခွန်းအမျိုးအစား ၂မျိုးနဲ့မေးမှာဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေပါတဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလို မေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသား ကျောင်းသူအများစုဟာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။

VI (A) ကတော့ "Find the bold-faced words in the passage that are similar in meaning to the following. There is an extra." ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစု ၅ ခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– miserable လို့မေးထားလျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မေးခွန်းရဲ့အဖြေမှန် melancholic ကို ရေးပေးရမှာဖြစ်ပါတယ်။

VI (B) ကတော့ Answer the following questions. Give complete answers. ပဲဖြစ်ပါတယ်။

မေးခွန်းရဲ့မေးထားတဲ့အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။

According to the passage, what does the writer suggest? Do you agree with it, and why or why not? လို့မေးရင် စာရေးဆရာရဲ့ အကြံပြုချက်၊ ထင်မြင်ယူဆချက် စတဲ့အကြောင်းအရင်းကို မေးတာဖြစ်ပါတယ်။ အဲတော့ အဖြေက According to the passage, the writer suggests that the best way to lead a life is to live in the moment.

အဲဒီနောက်က မေးတဲ့ Do you agree with it, … ကတော့ ကိုယ်က စာရေးဆရာရဲ့ အမြင်နဲ့ပတ်သက်ပြီး သဘောတူ မတူမေးတာဖြစ်လို့ "Yes or No" ဖြေပေးရမှာပါ။ ဒ့ါအပြင် "… and why or why not?" လို့ မေးတာဖြစ်တဲ့အတွက် ကိုယ်ဘာကြောင့်သဘောတူလဲ၊ မတူဘူးလဲဆိုတဲ့ အကြောင်းအရင်းကို ဖြေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူရင်

Yes, (I agree with it) because it is important to concentrate on the present situation rather than the past and the future. လို့ ဖြေပေးရမှာဖြစ်ပါတယ်။

သဘောမတူရင်တော့

No, (I do not agree with it) because we need to consider all the consequences of the past and take the previous lesson based on the mistakes we made. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဥပမာ ဖြေပေးထားတာဖြစ်ပါတယ်။ ဆီလျော်မှန်ကန်တဲ့ အဖြေဆိုရင် လက်ခံပါတယ်။

ဒီလိုမေးခွန်းမျိုးက ကျောင်းသားကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကိုစစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲကအကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီးမေးတဲ့မေးခွန်းမျိုးဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, 11, 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီးမေးမှာဖြစ်ပါတယ်။


VII (A) ကတော့ Complete the dialogue with the expressions given in the box. There is an extra. လို့ ပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ် ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Expression တစ်ခု ပိုပေးထားပါတယ်။

စာမျက်နှာ ၂၄ သို့ ▼

# KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဖားကန့်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ၊ စာသင်ဆောင်များထိခိုက်ပျက်စီးဆုံးရှုံး



KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖားကန့်မြို့၊ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် စာသင်ဆောင်များပျက်စီးခဲ့မှုကိုတွေ့ရစဉ်။



KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖားကန့်မြို့၊ အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့မှုကိုတွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ်၊ ဖားကန့်ဒေသအတွင်း KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကျေးရွာများအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ လက်နက်အားကိုးဖြင့်အနိုင်ကျင့်ခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင်လည်း KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဖားကန့်မြို့အတွင်းသို့ မြို့၏အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် အခြေခံပညာအထက်တန်းကျောင်း (ဖားကန့်)အဆောက်အအုံနှင့်အနီးဝန်းကျင်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကာ Grade-4 တွင် တက်ရောက်ပညာသင်ယူလျက်ရှိသည့် ဖားကန့်မြို့၊ ၄က်ပျောတောရပ်ကွက်နေ မောင်လင်းခန့်ကို နှင့် ဂျန်ဂတ်ကျေးရွာနေ မရွှန်ဒင့်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပြီး အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ် ၂ ဦးအား လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်လျက်ရှိပြီး ယခုတွင်လည်း မြို့၊ ရွာများအတွင်းသို့ ဆင်ခြင်တွေးခေါ်စဉ်းစားနိုင်စွမ်း နည်းပါးစွာဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပညာသင်ကြားနေသည့် အနာဂတ်ကလေးငယ်များ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ပညာရေးအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် အကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်လုံခြုံရေးဆိုင်ရာလုပ်ငန်းများနှင့် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးကို လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့်ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁) ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Hein Htet Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ နောင်ခမ်းကြီးကျေးရွာနေ ဟိန်းထက်ထွန်း(ခ)သားသားအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## ရေနည်းမည့် သတိပေးချက်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီလ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၈၂ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

**(မိုး/ဇလ)**

## (၂-၂-၂၀၂၆) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၆ နာရီ ၃၄ မိနစ် ၀၅ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏အရှေ့တောင်ဘက် ၁၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၆၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၇၂ ဒီဂရီ၊ အနက် ၃၂ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# ▶ ▶ ▶ နို့စားနွားမျိုးမြှင့်ခြင်း၏ သဘောသဘာဝများ ◀ ◀ ◀

**အောင်မြေ**

မြန်မာနိုင်ငံတွင် ရေပန်းစားနေသော ဖရီးရှန်နို့စားနွားမျိုးများကို ဒေသနွားမျိုးများနှင့် မျိုးမြှင့်မွေးမြူကြရာတွင် မျိုးမြှင့်လာသည်နှင့်အမျှ နို့ထွက်နှုန်းများကျဆင်းခြင်း၊ စီးပွားရေးတွက်ခြေမကိုက်ခြင်းတို့ကြောင့် နို့ထုတ်လုပ်မှုလုပ်ငန်းများ နှေးကွေးနေခြင်းနှင့် ရင်ဆိုင်နေရသည်။ လက်ရှိတွေ့ကြုံနေရသောအခြေအနေမှာ ၇၅ ရာခိုင်နှုန်း ဖရီးရှန်သွေးပါသော နို့စားနွားမများသည် ၅၀ ရာခိုင်နှုန်း ဖရီးရှန်သွေးပါသော နို့စားနွားမများထက် အထွက်နှုန်းများလျော့နည်းသွားသည်ကို ကြုံတွေ့နေရသည်။ မျိုးမြှင့်တင်ခြင်းနှင့်သက်ဆိုင်သောနည်းပညာ၊ သဘောသဘာဝတို့မှာ နက်နဲသိမ်မွေ့သည်ကိုတွေ့ရှိရသည်။

ယနေ့လက်ရှိအခြေအနေတွင်နို့ထွက်နှုန်းကောင်းသော နွားမျိုးများမှာ သမပိုင်းဒေသနွားမျိုးများဖြစ်သည့်အတွက် သမပိုင်းနွားမျိုးများနှင့် အပူပိုင်းဒေသနွားမျိုးများကိုမျိုးစပ်၍ နို့ထွက်နှုန်းများတိုးတက်ရန် ဆောင်ရွက်လျက်ရှိကြသည်။ ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း ၁၉၇၆ ခုနှစ်မှစ၍ သမပိုင်းနွားမျိုးများဖြစ်သော ဖရီးရှန်၊ ဂျာစီ၊ ဂန်စီ၊ နော်ဝေးဂျင်းရက်ဒ် စသော နို့စားနွားမျိုးများကိုတင်သွင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်။ ရလဒ်များအရ ဥပမာ– ဖရီးရှန်ကပြားသွေး ၅၀ ရာခိုင်နှုန်းအထက် မျိုးမြှင့်လာသောနွားများသည် မွေးစကပင် မြန်မာနိုင်ငံ၏ရာသီဥတုဒဏ်ကို ပင်ပန်းဆင်းရဲစွာခံစားကြရပြီး အရွယ်ရောက်လာသောအခါတွင် နို့ထွက်နှုန်းများသည် ၅၀ ရာခိုင်နှုန်း ဖရီးရှန်၏ အထွက်နှုန်းကိုမမီခြင်း၊ ရောဂါများပြားခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း စသောအခြေအနေများကို ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။

မျိုးရိုးမြှင့်တင်ခြင်းဆောင်ရွက်ရာတွင် မျိုးရိုးဗီဇဆက်ခံမှုသည် အဓိကထားစဉ်းစားရမည့်အချက်ဖြစ်သည်။ ပုံသေနည်းဖြင့်တင်ပြရမည်ဆိုလျှင်($H^2=\frac{H}{H+E}$)ဖြင့် တွက်ချက်ကြသည်။ ($H^2$=Heritability = မျိုးရိုးဆက်ခံမှု၊ H=Heredity Variation=မျိုးရိုးပြောင်းလဲမှု၊ E=Environment Variation= ပတ်ဝန်းကျင်၏ပြောင်းလဲမှု)။

အိန္ဒိယနိုင်ငံမှ လေ့လာတွေ့ရှိမှုများအရ မြန်မာနိုင်ငံကဲ့သို့ပင် ၇၅ ရာခိုင်နှုန်း ဖရီးရှန်သွေးပါသော နို့စားနွားမများသည် ၅၀ ရာခိုင်နှုန်း ဖရီးရှန်သွေးပါသော နို့စားနွားများထက် နို့ထွက်နှုန်းနည်းပါးခြင်းကို ကြုံတွေ့နေရသည်။ ဥပမာ–၅၀ ရာခိုင်နှုန်း ဖရီးရှန်နွားမ (ဖရီးရှန်အထီး ၁၀၀ ရာခိုင်နှုန်း x ဆဟေးဝယ်ဒေသနွားမ)၏ နို့ထွက်နှုန်းသည် ၇၅ ရာခိုင်နှုန်း ဖရီးရှန်နွားမ(၁၀၀ ရာခိုင်နှုန်း ဖရီးရှန်အထီး x ၅၀ ရာခိုင်နှုန်း ဖရီးရှန်နွားမ)ထက် နို့ထွက်နှုန်းပိုများနေသည်ကို လေ့လာတွေ့ရှိခဲ့သည်။ နို့ထွက်နှုန်းကွာခြားရခြင်းမှာ အောက်ပါအကြောင်းများကြောင့်ဖြစ်ရသည်ကိုတွေ့ရှိခဲ့သည်–

(က) ရာသီဥတုနှင့်အပူဒဏ်ကို ခံနိုင်ရည်နည်းပါးခြင်းနှင့် ၇၅ ရာခိုင်နှုန်း ဖရီးရှန်နို့စားနွားမများသည် သမပိုင်းမျိုးရိုးဗီဇများ ပိုမိုများပြားနေခြင်းကြောင့် အပူပိုင်းဒေသ၏ လေတိုက်ခတ်မှုနှုန်း၊ နေဝင်၊ နေထွက်စိုထိုင်းဆနှင့်အပူချိန်တို့ကို ယဉ်ပါးမှုနည်းပါးခြင်းကြောင့် အစာစားနှုန်းလျော့နည်းလာပြီး ခန္ဓာကိုယ်အတွက်လိုအပ်သော စွမ်းအင်လိုအပ်ချက်များလာခြင်းတို့ကြောင့် နို့ထွက်နှုန်းကျဆင်းရခြင်း။

(ခ) ၇၅ ရာခိုင်နှုန်း ဖရီးရှန်နို့စားနွားမများသည် အပူပိုင်းဒေသ၏ ရေ၊ မြေတို့နှင့်လိုက်လျောညီထွေမှုနည်းပါးခြင်း။

(ဂ) ၇၅ ရာခိုင်နှုန်းဖရီးရှန်နို့စားနွားမများမွေးမြူရန်အတွက် မွေးမြူထိန်းသိမ်းရေးပြုစုစောင့်ရှောက်ရေးများပြားသဖြင့် ပြည့်မီအောင်ဆောင်ရွက်ရန် အခက်အခဲရှိခြင်းကြောင့်လည်းကောင်း၊ ဥပမာ– အအေးပေးစနစ်များ ရာသီအလိုက်လိုအပ်ခြင်း၊ လေဝင်လေထွက်စနစ်များ ရာသီအလိုက်လိုအပ်ခြင်း၊ စိုထိုင်းမှုညီမျှစေရန် နည်းစနစ်များ ရာသီအလိုက်လိုအပ်ခြင်း။

**✿ မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် နွားမျိုးများမြှင့်တင်ရာတွင် ဒေသအခြေအနေ၏ သဘောသဘာဝနှင့်ကိုက်ညီသော နို့စားနွားများရရှိရေးအတွက် မျိုးမြှင့်တင်ရေးဆောင်ရွက်ရာတွင် အဓိကထားဆောင်ရွက်သင့်သော မွေးမြူရေးနှင့် မျိုးမြှင့်တင်ရေးနည်းပညာပိုင်းတွင် တွေ့ကြုံလျက်ရှိသော အားနည်းချက်များကို ဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက နို့စားနွားမျိုးမြှင့်တင်ရေးလုပ်ငန်း အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ် . . .**

(ဃ) အစာအာဟာရကျွေးမွေးရန်အတွက် အရည်အသွေးမြင့်မားသော သမပိုင်းမြက်မျိုးများ၊ ပဲနွယ်ပင်များလိုအပ်လျက်ရှိပြီး အပူပိုင်းဒေသ၏အစာကြမ်းဒဏ်မခံနိုင်ခြင်း။

(င) ၇၅ ရာခိုင်နှုန်းသမပိုင်းနွားမျိုးများတွင် မှွား၊ ခြင်၊ ယင်တို့ကို (Skin Movement) အရေပြားတွန့်၍ မောင်းထုတ်နိုင်မှုနည်းပါးခြင်း၊ မှွား၊ ခြင်၊ ယင်ကိုက်ခြင်းကြောင့် ကူးစက်တတ်သောရောဂါများကိုပိုမိုခံစားရခြင်း(ဘာဘီးစီးယားရောဂါ)။

(စ) အပူပိုင်းဒေသတွင်ဖြစ်ပွားသောရောဂါဒဏ်များကို ခံနိုင်ရည်နည်းပါးခြင်း။

(ဆ) ၅၀ ရာခိုင်နှုန်းဖရီးရှန်များသည် မျိုးရိုးပညာအရ(Intergenus Cross Breed) မျိုးစုမတူသော မျိုးနှစ်မျိုးမှဆင်းသက်လာသော ကပြားမျိုးစပ်(Hybrid Vigor)ဖြစ်သောကြောင့် မြင့်မားသောအရည်အသွေးများကို ပိုင်ဆိုင်ထားပြီး အထွက်နှုန်းကောင်းခြင်း၊ ကြီးထွားနှုန်းကောင်းခြင်း၊ မျိုးအောင်နှုန်းကောင်းခြင်း၊ ရောဂါဒဏ်ခံနိုင်မှုကောင်းခြင်း စသောအရည်အသွေးများကို ပိုင်ဆိုင်ထားပါသဖြင့် ၇၅ ရာခိုင်နှုန်းဖရီးရှန်နို့စားနွားမများထက် ပိုမိုနို့ထွက်ကောင်းခြင်းဖြစ်သည်။

အထက်ဖော်ပြပါအခြေအနေများကြောင့် နို့စားနွားများကို မျိုးမြှင့်တင်ရာတွင် ပညာရှင်များအနေဖြင့် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်သွားရန်လိုအပ်ပါမည်။ ဥပမာ– ၅၀ ရာခိုင်နှုန်းဖရီးရှန်နို့စားနွားမကို နောက်တစ်ဆင့်မည်ကဲ့သို့မျိုးဖောက်မည်နည်းဆိုသောအချက်ကို စဉ်းစားရန်လိုအပ်မည်ဖြစ်သည်။ သမပိုင်းမျိုးများကို မျိုးမြှင့်တင်မှုများပါက ထုတ်လုပ်မှုအပါအဝင် အရည်အသွေးများကျဆင်းလေလေဖြစ်ပြီး စီးပွားရေးတွက်ခြေမကိုက်ခြင်းကို တွေ့ကြုံရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကို အဓိကအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင်အများဆုံးမွေးမြူပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အနည်းငယ်မွေးမြူလျက်ရှိသည်ကိုတွေ့ရှိရသည်။ မြန်မာနိုင်ငံ၏သဘာဝအခြေအနေ ရာသီဥတုအနေအထားအရ တစ်နိုင်ငံလုံးတွင် နို့စားနွားမွေးမြူနိုင်သော အခြေအနေရှိသည်။ သို့သော် နေရာဒေသအလိုက် နို့စားနွားမွေးမြူရေးအတွက် မျိုးရွေးချယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဒေသနှင့်ကိုက်ညီသောနွားမျိုးများဖြစ်ရန်လိုသည်။ ဥပမာ–ရှမ်းပြည်နယ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းအတွက် ဒေသနွားမျိုးများကိုအခြေခံ၍ သမပိုင်းနွားမျိုးများနှင့် မျိုးမြှင့်ပေးရန်ဖြစ်သည်။ လက်ရှိရှမ်းပြည်နယ်ရှိ ဒေသနွားမျိုးများမှာ နို့ထွက်နှုန်းနည်းခြင်း၊ ကြီးထွားနှုန်းမကောင်းခြင်းကြောင့် အဆိုပါဒေသနွားများကို အိန္ဒိယနွားမျိုးများဖြစ်သော အင်ဒိုဘရာစေး(Indobrasil) နွားမျိုးနှင့်မျိုးစပ်ရမည်။ ထွက်ရှိလာသော ကပြားနွားမများကို ဖရီးရှန်ကဲ့သို့ နို့ထွက်ကောင်းသော ပြည်ပနွားမျိုးများနှင့်မျိုးမြှင့်ပေးခြင်းဖြင့် ရှမ်းပြည်နယ်တွင် နို့ထွက်ကောင်းသောနွားမျိုးများ ရရှိလာမည်ဖြစ်သည်။ ထို့အတူ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ဒေသနွားနှင့် နွားနောက်ကိုမျိုးစပ်၍ ရရှိလာသောကပြားနွားမများကို ဖရီးရှန်ကဲ့သို့ နို့ထွက်ကောင်းသော နွားမျိုးများနှင့်မျိုးမြှင့်ပေးခြင်းဖြင့် အထက်ပါဒေသများတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် နွားမျိုးများမြှင့်တင်ရာတွင် ဒေသအခြေအနေ၏ သဘောသဘာဝနှင့်ကိုက်ညီသော နို့စားနွားများရရှိရေးအတွက် မျိုးမြှင့်တင်ရေးဆောင်ရွက်ရာတွင် အဓိကထားဆောင်ရွက်သင့်သော မွေးမြူရေးနှင့် မျိုးမြှင့်တင်ရေးနည်းပညာပိုင်းတွင် တွေ့ကြုံလျက်ရှိသော အားနည်းချက်များကို ဖြည့်ဆည်းလုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက နို့စားနွားမျိုးမြှင့်တင်ရေးလုပ်ငန်း အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# သံဖြူဇရပ်မြို့၌ မွန်အမျိုးသားနေ့အထိမ်းအမှတ် ခရီးကြမ်းစက်ဘီးစီးပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက်၌ (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် ခရီးကြမ်းစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁ ရက်တွင် ကျင်းပသည်။



ပြိုင်ပွဲတွင် စက်ဘီးစီးအားကစားသမားများက ကြံ့ခိုင်ရေးရပ်ကွက်မှစတင်၍ ထွက်ခွာပြီး စက်စဲကျေးရွာတောလမ်းမှ ကျိုက္ခမီမြို့ထိလည်းကောင်း၊ ကျိုက္ခမီမြို့မှ ကြံ့ခိုင်ရေးရပ်ကွက်ထိလည်းကောင်း ခရီးကြမ်းစက်ဘီးစီးပြိုင်ပွဲကိုယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအားဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မွန်ပြည်နယ် အားကစားဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေမျိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်၊ မြို့နယ်အားကစားဦးစီးဌာန ဦးစီးမှူး ဦးသက်ပိုင်စိုးလွင်၊ အသက် ၄၀ နှစ် အထက်/အောက်ပြိုင်ပွဲဝင် စက်ဘီးစီးအားကစားသမား ၁၀၁ ဦး အပါအဝင် အင်အား ၁၃၀ ဦးခန့်တက်ရောက်ကြကြောင်း သိရသည်။

(၄၀၆)

## သဇင်(FM)
## အသံလွှင့်အစီအစဉ်

၃-၂-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

# တင်းမာမှုများလျော့ကျစေရန် အီရန်နှင့် အမေရိကန်တို့အကြား စေ့စပ်ဆွေးနွေးပွဲများကျင်းပမည်



တီဟီရန်၊ နိုင်ငံရေး

အီရန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဖြစ်ပွားနေသည့် တင်းမာမှုများ လျော့ကျစေရန်အတွက် နှစ်နိုင်ငံကြားစေ့စပ်ဆွေးနွေးပွဲများကို မကြာမီကျင်းပမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂ ရက်တွင် ထုတ်ပြန်သည်။

နှစ်နိုင်ငံကြား စေ့စပ်ဆွေးနွေးပွဲများကို အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အရတ်ချီနှင့် အမေရိကန်အထူးသံတမန်စတိဗ်ဝစ်တော့တို့က ဦးဆောင်ကျင်းပမည်ဖြစ်ကြောင်း အရင်းအမြစ်များ၏ ပြောကြားချက်ကို ကိုးကား၍ တက်စမင်သတင်းဌာနက ဖော်ပြသည်။

လက်ရှိတွင် အီရန်အစိုးရအနေဖြင့် အမေရိကန်နှင့် စေ့စပ်ဆွေးနွေးရန်အတွက် မူဘောင်များကို သတ်မှတ်ထား၍ အကဲဖြတ်လျက်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

နှစ်နိုင်ငံကြား စေ့စပ်ဆွေးနွေးပွဲများတွင် အမေရိကန်အစိုးရက အီရန်အပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများဖယ်ရှားပေးရေးနှင့် အီရန်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အီရန်နှင့် အမေရိကန်တို့အကြား ဖြစ်ပွားနေသည့် တင်းမာမှုများကို လျှော့ချနိုင်ရေးအတွက် စေ့စပ်ဆွေးနွေးပွဲများကျင်းပရန် ဒေသတွင်းနိုင်ငံများက ကြားဝင်ဖျန်ဖြေခဲ့ခြင်းဖြစ်သည်။

Ref: Sputnik

# ဥရောပသမဂ္ဂက ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ပြန်လည်ဝယ်ယူလာနိုင်ဟု မက်ဗီဒက် ခန့်မှန်းပြောကြား

မော်စကို၊ နိုင်ငံရေး

ယခု ၂၀၂၆ ခုနှစ်တွင် နေတိုးအဖွဲ့ပြိုကွဲပြီး ဥရောပသမဂ္ဂအဖွဲ့အနေဖြင့် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကို ပြန်လည်ဝယ်ယူမည်ဟုခန့်မှန်းရကြောင်း ရုရှားလုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်က ဖေဖော်ဝါရီလ ၂ ရက်တွင် ပြောကြားသည်။

လက်ရှိတွင် အလွန်လေးနက်ပြီးထူးခြားဆန်းကြယ်သည့် ဖြစ်စဉ်အများအပြား ဖြစ်ပွားလျက်ရှိပြီး ဥရောပသမဂ္ဂက ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့နှင့် ရေနံကို ပြန်လည်ဝယ်ယူရန် တောင်းဆိုလာနိုင်ကြောင်း မက်ဗီဒက်က TASS သတင်းဌာနနှင့် လုပ်ဆောင်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နေတိုးအဖွဲ့မှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်သွားခြင်းနှင့် နေတိုးအဖွဲ့ ပြိုကွဲသွားခြင်းမျိုးလည်း ဖြစ်လာနိုင်ကြောင်း မက်ဗီဒက်က ဆက်လက်ပြောကြားသည်။

တစ်ချိန်တည်းမှာပင် နေတိုးအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများစုပေါင်း၍ စစ်ရေးအသုံးစရိတ်များအတွက် ရန်ပုံငွေထောက်ပံ့ရန်နှင့် ရုရှားနိုင်ငံနှင့် ဖြစ်ပွားလာနိုင်သော ပဋိပက္ခများအတွက် ကြိုတင်ပြင်ဆင်ရန်ရည်ရွယ်၍ လာမည့် ၂၀၂၇ ခုနှစ်တွင် ဘဏ်အသစ်တစ်ခု တည်ထောင်ရန် လုပ်ဆောင်နေကြောင်း ရုရှားသတင်းဌာနတစ်ခုက အတွင်းသိများ၏ပြောကြားချက်ကိုကိုးကား၍ဖော်ပြထားသည်။

Ref: Iv, Rt

# ရုရှားနှင့် ဘယ်လာရုစ်တို့အကြား ကုန်သွယ်မှု ၁၁ လအတွင်း ရှူဘယ်လေးထရီလီယံအထိ မြင့်တက်

မော်စကို၊ စီးပွားရေး

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် ၁၁ လအတွင်း ရှူဘယ်လေးထရီလီယံအထိ မြင့်တက်လာကြောင်း ရုရှားဝန်ကြီးချုပ် မီခေးမီရှူစတင်က ဖေဖော်ဝါရီလ ၂ ရက်တွင်ပြောသည်။

ရုရှားနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ဆက်လက်မြင့်တက်လာလျက်ရှိပြီး နှစ်နိုင်ငံစလုံးအနေဖြင့် လေ့ကျင့်သင်ကြားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ရန် မီခေးမီရှူစတင်က အစိုးရအဖွဲ့ဆွေးနွေးပွဲတွင် ပြောကြားခြင်းဖြစ်သည်။ လက်ရှိတွင် ဘယ်လာရုစ်နိုင်ငံမှ ကျောင်းသားနှင့် ကျောင်းသူ ၄၀၀၀ ခန့်သည် ရုရှားနိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် ပညာသင်ယူလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ထို့ပြင် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့် ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့ကြား ကုန်သွယ်မှုပမာဏသည် ယခုအခါ ၈၆ ရာခိုင်နှုန်းအထိ သမိုင်းတွင်မြင့်တက်လာပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုပြုရာတွင်လည်း ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံသုံး ငွေကြေးများကိုအသုံးပြု၍ လုပ်ဆောင်လျက်ရှိကြောင်း မီခေးမီရှူစတင်က အစောပိုင်းတွင် ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Iv

# အိန္ဒိယက ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၈၅ ဘီလီယံလျာထား

နယူးဒေလီ၊ စစ်ရေး



အိန္ဒိယနိုင်ငံသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၈၅ ဘီလီယံ လျာထားသတ်မှတ်လိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီး နီယာမာလာ ဆီသာရာမန်က ၎င်း၏နှစ်ပတ်လည် အသုံးစရိတ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ယခုသတ်မှတ်လိုက်သည့် ကာကွယ်ရေးအသုံးစရိတ်သည် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွင်းက သတ်မှတ်ခဲ့သည့်အသုံးစရိတ်ထက် ၁၅ ရာခိုင်နှုန်းအထိ စံချိန်တင်တိုးမြှင့်လာခြင်းဖြစ်သည်။

ယခုကဲ့သို့ ကာကွယ်ရေးအသုံးစရိတ်ကို သိသာစွာ တိုးမြှင့်လိုက်ခြင်းသည် ၂၀၂၅ ခုနှစ် မေလအတွင်း အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့်ဖြစ်ပြီး အသုံးစရိတ်တိုးမြှင့်မှုသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို ပိုမိုတိုးတက်ခိုင်မာလာစေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နတ်ဆင်းက လူမှုကွန်ရက်ပေါ်၌ ရေးသားဖော်ပြသည်။

၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ဂျမူးနှင့် ကက်ရှ်မီးယားဒေသတွင် စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီး အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ကြား ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွအဖွဲ့၏ အဆိုပါတိုက်ခိုက်မှုအတွင်း လူ ၂၆ ဦးသေဆုံးခဲ့ရကြောင်းသိရသည်။

Ref: Rt

# မြောက်ကာရိုလိုင်းနားတွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုပေါင်း ၁၀၀၀ ကျော်ဖြစ်ပွား



လော့အိန်ဂျလီ၊ သဘာဝဘေး

အမေရိကန်ပြည်ထောင်စုရှိ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် လမ်းမကြီးများပေါ်တွင် ယာဉ်မတော်တဆမှုပေါင်း ၁၀၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျော့ရှ်စတိန်းကပြောကြားသည်။

စံချိန်တင်ဆီးနှင်းကျဆင်းမှုကြောင့် မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ယာဉ်တိုက်မှုပေါင်း ၁၀၀၀ ကျော်ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့သည့်အပြင် မော်တော်ယာဉ်အစီးပေါင်း ၁၀၀ ကျော်မှာ ယာဉ်ကြောပိတ်ဆို့မှုအတွင်း ပိတ်မိနေခဲ့ကြောင်း စတိန်း၏ပြောကြားချက်ကို ကိုးကား၍ အမေရိကန်သတင်းဌာနတစ်ခုက ဖော်ပြသည်။

